www.dhammaransi.com

ဗုဒ္ဓသာသနာဘာရော အဝဿံ ဝဟိတဗ္ဗော
"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

# သာထွန်းပြန်း

၁၃၇၇ ခုနှစ်၊ ဝါခေါင်-တော်သလင်း၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၊ အတွဲ (၂၁)၊ အမှတ် (၁)

ဓမ္မစာစောင်

ဗုဒ္ဓံ
ဓမ္မံ သံဃံ
ပရိယတ္တိသာသနာနုဂ္ဂဟအသင်း
စီရံ တိဋ္ဌတု
ရန်ကုန်မြို့လုံးဆိုင်ရာ

ပရိယတ္တိသာသနာနုဂ္ဂဟ

## ရန်ကုန်ဆန်လှူအသင်းကြီး

၁၂၈၇ ခုနှစ်တွင် တည်ထောင်သည်

www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- ♦ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ♦ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

- ♦ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

www.dhammaransi.com

အမှတ် ၅၃၁၃၇
ရက်စွဲ ၁၇.၉.၁၇

# သာထွန်းပြန့် ဓမ္မစာစောင်

ဗုဒ္ဓသာသနဘာရော အာဟ သံဃပါလကဗ္ဗော

ငါသည် ဗုဒ္ဓသာသနာ့ဟာဝန်ကို မချွတ်ယွင်းဆောင်ရမည်

အတွဲ (၂၁)၊ အမှတ် (၁)၊ ၁၃၇၇ ခုနှစ်၊ ဝါခေါင် - တော်သလင်း၊
၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ

**နာယကကြီးများ**

ဦးစိုးဝင်း (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးဝန်ကြီးဌာန

ဒေါက်တာ မောင်မောင်ဌေး (ပြည်ထောင်စုဒုဝန်ကြီး)
သာသနာရေးဝန်ကြီးဌာန

ဦးခိုင်အောင် (အမြဲတမ်းအတွင်းဝန်)
တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

စိုးမင်းထွန်း

**တာဝန်ခံစာတည်း**

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**ပရု(ဖ်)အယ်ဒီတာ**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ

၄ ရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ဩဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"ပရိယတ္တိသာသနာ့နုဂ္ဂဟရန်ကုန်ဆန်လှူအသင်းကြီး"

၇ စာတည်းအာဘော်
"အမျိုးဘာသာ သာသနာကြီးပွားတိုးတက်ရန် စည်းလုံးမှုနှင့် ဆောင်ရွက်ကြပါ"

၉ ဆရာတော် ဘဒ္ဒန္တ ကုမာရ၏ဩဝါဒကထာ

၁၆ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့(၂၂) ကြိမ်မြောက်အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ၏ သာသနာရေးလျှောက်ထားလွှာ

၂၂ ဓမ္မသေနာပတိ အရှင်အရိယဝံသမဟာထေရ်

www.dhammaransi.com


၂၇ မေတ္တာဖမိ မြစည်ရှိ — မောင်သဲခေါင်

၂၈ ချည်နှောင်ထိန်းချုပ်ခြင်း — ဖျာပုံတင်နိုင်ဝင်း

၂၉ ပြဟ္မစိုရ်တရားအမြဲဆောင် — မောင်သောင်း (ဆင်စွယ်)

၃၀ ဗုဒ္ဓဂီတိကာ

၃၁ ရဟန်းကောင်း ရဟန်းမြတ်တို့၏တာဝန် — ဓမ္မဝီရ

၃၃ သောကမီးတွေ ငြိမ်းကြပါစေ
မောင်မောင် (လည်ဝေါက်ရွာ)

၃၆ သာသနာပြုသူတို့၏ဘဝမှတ်တမ်းများ (၃)
သန်းရွှေပိုင် (တမူး)

၃၈ စိတ်ရှည် ဖွဲ့သန် သည်းညည်းခံ ပြုရန်သာသနာ
ဖျာပုံ - သိန်းသန်းအောင်

၄၁ နာဂစ်အတွက် ပြင်ဆင်စရာတစ်ခု — နိုင်ကြည်မြင့်

၄၄ မိဘစကား နားထောင်ပါ — ဒေါ်သန်းနွဲ့ (ပညာရေး)

၄၈ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ကြပါစို့
ဇာတ်လမ်း - တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)
ပန်းချီ - တင်ထွန်းထွန်း

၅၆ ရင်နစ်သည်းခြာ အလိမ္မာကဏ္ဍာ — ဖူးပွင့်ဝေ

၅၈ ချမ်းမြေ့ပြည့်စုံသောဘဝ — ဦးအောင်သိန်းညွန့်
Perfect Way of Living
**Trans: by U Aung Thein Nyunt**

၆၀ ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း — လမင်း



ပရိယတ္တိသာသနာနုဂ္ဂဟ

**ရန်ကုန်ဆန်လှူအသင်းကြီး**

၁၂၈၇ ခုနှစ်တွင် တည်ထောင်သည်

**သာထွန်းပြန့် ဓမ္မစာစောင်**
**ရုံးအဖွဲ့**


ဒေါ်စိုးမိုးသူ (ဦးစီးအရာရှိ)
ဒေါ်ဝင်းမာ (ဦးစီးမှူး)
ဒေါ်ဝင်းကြည်
ဇေယျာလှိုင်မင်း (သထပ - ကွန်ပျူတာ)

**ပုံနှိပ်သူ**

ရွှေပြည့်စုံ ပုံနှိပ်တိုက်
အမှတ် (၃၄)၊ ၁၅၇ လမ်း၊ တာမွေ။

www.dhammaransi.com





# ရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီး ၏ ဩဝါဒကထာ

- မိဘနှစ်ပါးအပေါ်တွင်မှ မေတ္တာ ကရုဏာ ထားရကောင်းမှန်း မသိသောသူသည် တခြားသူစိမ်းတစ်ရံဆံ သူများအပေါ်တွင် စိတ်ကောင်း၊ စေတနာကောင်း မွေးမြူနိုင်ပါမည်လော။

- အသက်သခင် ကျေးဇူးရှင် မိဘနှစ်ပါး အတိဒုက္ခရောက်နေစဉ် မသိကျိုးကျွန်ပြု လျစ်လျူရှုရက်သော နှလုံးသားလောက် ရက်စက်သော နှလုံးသား အဘယ်မှာလျှင် ရှိနိုင်ပါအံ့နည်း။

- မိဘတို့အပေါ်တွင် တာဝန်မဲ့အေးစက်သော နှလုံးသားရှိသူလောက် ကြောက်မက်ဖွယ်ကောင်းသူ မရှိနိုင်။

www.dhammaransi.com



# ပရိယတ္တိသာသနာ့နုဂ္ဂဟရန်ကုန်ဆန်လှူအသင်းကြီး

ပရိယတ္တိ သာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် အမှတ်(၈၉)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။ အသင်းကြီးကို (၁၂၈၇) ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး သို့ အာစိဏ္ဏကံ-စုဘူးများကို တစ်နှစ်လျှင်တစ်ကြိမ် အိမ်တိုင်ရာရောက်ပေးပို့ အလှူခံလျှက် ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်တိုက်ပေါင်း(၂၇၇)တိုက်၊ စာသင်စာချ သုတဗုဒ္ဓသံဃာတော် အရှင်သူမြတ် (၂၇၉၇၀)ပါး၊ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ကြွရောက်လာသော သံဃာတော်များအားလုံးတို့၏ အာရုံဆွမ်းအတွက် မပင်မပန်းပြည့်စုံကြစေရန် အာရုံပြု၍ ထို အာစိဏ္ဏကံ စုဘူးများမှရရှိသော အလှူငွေများဖြင့် နေ့စဉ်သဒ္ဓါအရှိမပျက် လှူဒါန်းခြင်းအားဖြင့် မဟာသံဃိက အလှူကြီးဖြစ်ပေသည်။

ထို့ကြောင့် အာစိဏ္ဏကံ စုဘူး- မိမိအိမ်သို့ရောက်လာသည့်နေ့မှစ၍ သံဃာတော်နှစ်သောင်းကျော်မိမိအိမ်သို့ ကြွရောက်လာသည့်အလား အာရုံပြု၍ မိမိတို့သဒ္ဓါတရားရှိသလောက်၊ အချိန်အခါမရွေး မိမိအိမ်တွင် လှူဒါန်းနိုင်ခြင်းအားဖြင့် အလှူခံပုဂ္ဂိုလ်များကို အထူးရှာစရာမလိုဘဲ ထိုစုဘူးထဲသို့ အလှူငွေများထည့်လှူ၊ အာရုံပြုခြင်းအားဖြင့် မဟာသံဃိက အလှူကြီးအထမြောက်ပေမည်ဖြစ်သည်။ သို့ဖြစ်၍ ဆွမ်းပဒေသာပင်(အနုဂါမိက)ရွှေအိုးများကို မြုပ်နှံပြီး သံဃာ့ဂုဏ်ကို အာရုံပြုလှူဒါန်းနိုင်ပါသည်။


အသင်းကြီး၏ ဆောင်ရွက်ချက်များမှာ ဝါဆိုလပြည့်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့နှင့် တပေါင်းလပြည့်နေ့တို့၌ ရွှေတိဂုံစေတီတော်ရင်ပြင် စနေထောင့်ရှိ ကျောင်းတော်မှ ရုပ်ပွားတော်မြတ်တည်ရှိရာ ဒေါ်ပွင့်တန်ဆောင်းနှင့် အသင်းကြီး၏ရှေ့၌ မဏ္ဍာပ်ထိုးလျက် လှူဒါန်းရေစက်ချပွဲကို တစ်နှစ်လျှင် (၃)ကြိမ် ကျင်းပဆောင်ရွက်ပါသည်။

www.dhammaransi.com



အထက်ဖော်ပြပါလပြည့်နေ့များတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်၌ နေ့လည်(၁း၀၀) နာရီ အချိန်တွင် အသင်းသူအသင်းသားများနှင့် အလှူရှင်များမှ ရေစက်ချပွဲ ကျင်းပပြုလုပ်ရာ အလှူရှင်များ အားလုံး ကြွရောက်နိုင်ပါသည်။ လှူဒါန်းမှု အစုစုမှာ စာသင်တိုက်ပေါင်း (၂၂၇)တိုက်၊ စာချသံဃာတော် (၂၇၉၇၀)ပါးတို့အား လေးလလျှင်တစ်ကြိမ် ဆွမ်းဆန်တော် တင်းပေါင်း(၉၀၀၀)ကျော် လှူဒါန်းလျှက်ရှိပါသည်။ ထို့အပြင် အသင်းကြီးမှ ဆွမ်းဆန်တော် လှူဒါန်းလျှက်ရှိသော စာသင်တိုက်များမှ စာအောင်ထူးချွန်သံဃာတော်များကိုလည်း နှစ်စဉ် စာအောင်သံဃာချီးကျူးပူဇော်ဂုဏ်ပြုပွဲများ ကျင်းပလှူဒါန်းမှု ပြုလုပ်လျက်ရှိပါသည်။ ကုသ္ဆာသယ အာစိဏ္ဏကံ စုဘူးများမှ ရရှိသော ငွေသားတို့အား ဘဏ်၌ အပ်နှံထားရှိပြီး ရရှိလာသော အတိုးအညွန့်တို့ကို ဆွမ်းဆန်တော်များဝယ်ယူလှူဒါန်းခြင်း၊ စာအောင်သံဃာ တော်များကို ကပ်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်လျှက်ရှိပေသည်။

မဟာသံဃိကအလှူကြီးကို လှူဒါန်းလိုပါက နံနက်(၈း၀၀)နာရီမှ ညနေ (၅း၀၀)အထိ ပိတ်ရက်မရှိ အသင်းကြီးတည်ရှိရာ နေရာ၌ သွားရောက်လှူဒါန်းကုသိုလ်ယူနိုင်ပါကြောင်း သည်တစ်ပတ်မျက်နှာဖုံးပုံရိပ်အဖြစ် တင်ပြလိုက်ရပါသည်။



www.dhammaransi.com



# အမျိုးဘာသာသာသနာကြီးပွားတိုးတက်ရန် စည်းလုံးမှုနှင့်ထောက်ပံ့မှုကိုဆောင်ရွက်ကြပါ

အမျိုးသားခေါင်းဆောင်တို့နှင့် သာသနာပြုပုဂ္ဂိုလ်တို့သည် တိုင်းသူပြည်သားတို့ကို သင်္ဂဟတရားလေးပါးဖြင့် ချီးမြှောက်ထောက်ပံ့ရမည်ဟု ဗုဒ္ဓကလမ်းညွှန်ထားပါသည်။ သင်္ဂဟတရားလေးပါးမှာ-

၁။ ဒါန=ပေးကမ်းချီးမြှင့်ထောက်ပံ့ခြင်း၊

၂။ ပေယျဝဇ္ဇ=ချစ်ဖွယ်စကားပြောဆိုခြင်း၊

၃။ အတ္တစရိယ=အကျိုးစီးပွားကို ရွက်ဆောင်ခြင်း၊

၄။ သမာနတ္တတာ=တန်းတူရည်တူဆက်ဆံခြင်း- တို့ဖြစ်ပါသည်။

သင်္ဂဟတရားထောက်ပံ့ရုံမျှဖြင့် မပြည့်စုံပေ၊ ဆွေမျိုးများ တိုင်းသူပြည်သားများ စည်းလုံးညီညွတ်မှုရှိစေရန် စည်းလုံးသိမ်းသွင်းမှုကိုလည်း ပြုလုပ်ရပါမည်။

စည်းလုံးညီညွတ်ခြင်းဟူသောစကား၌ အသိဉာဏ်ရှိခြင်း၊ လုံ့လရှိခြင်း၊ မျှတခြင်း၊ ဦးဆောင်မှုမှန်ကန်ခြင်းစသော အဓိပ္ပါယ်များပါဝင်ပါသည်။ ညီညွတ်မှုမရှိက မည်မျှအင်အားကြီးမားသူပင်ဖြစ်စေ ပျက်စီးဆုံးရှုံးမှုနှင့်ရင်ဆိုင်ရမည်သာဖြစ်သည်။

ဗုဒ္ဓက သမဂ္ဂါနံ တပေါ သုခေါ= ညီညွတ်ခြင်းသည်ချမ်းသာ၏။

- ဆွေမျိုးများပွားခြင်းသည်ကောင်း၏။
- တော၌ပေါက်ရောက်သောသစ်ပင်တို့သော်လည်း များပြားမှုကောင်း၏။
- လွင်ပြင်၌ တစ်ပင်တည်းအထီးထီးတည်နေလျှင် ကြီးမားသော တောစိုးသစ်ပင်ဖြစ်သော်လည်း လေသည် တိုက်လှဲပစ်တတ်၏။
- ညီညွတ်ခြင်းသည် မရှိမဖြစ်လိုအပ်သော ကျင့်စဉ်ဖြစ်သည်၊ ကမ္ဘာ့သားတို့နိုင်ငံ၌ လူသားတို့

www.dhammaransi.com



စည်းလုံးညီညွတ်သောအခါ မြို့ပြ ပြည်ရွာ တိုးတက်စည်းကား၏။ အေးချမ်းသာယာ၏၊ ညီညွတ်မှုပျက်ပြားသောအခါ အနိဋ္ဌာရုံတို့နှင့်သာ ကြုံဆုံရလေသည်။

ညီညွတ်ခြင်းသည် အင်အား

စည်းလုံးညီညာ အောင်ကြောင်းဖြာ

တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့်ယူဆောင်ရ၏ ဆိုသော ဆုံးမစကားသည် ညီညွတ်ခြင်း၏ အကျိုးကျေးဇူးကို ညွှန်ပြနေပါသည်။

စိတ်နေသဘောထားသေးသိမ်သူ အမြင်ကျဉ်းမြောင်းသူ၊ အသိဉာဏ်မဲ့သူတို့သည် ဆွေမျိုးတို့၏အကျိုးငှါ ဆောင်ရွက်နိုင်မည်မဟုတ်ချေ။

မေတ္တာ၊ ကရုဏာအရင်းခံရှိသူ၊ မျိုးချစ်စိတ်ရှိသူသာ ဆောင်ရွက်နိုင်ပါသည်၊ ဘုရားလောင်း ငုံးမင်း၊ မျောက်မင်းတို့သည် တိရစ္ဆာန်ပင်ဖြစ်သော်လည်း အသိဉာဏ်ပညာရှိခဲ့၍ ဆွေမျိုးများအတွက် အသက်စွန့်၏။ ချမ်းသာမှုရအောင် ဆောင်ရွက်ပေးခဲ့ကြသည်။

ဆွေမျိုး တိုင်းသူပြည်သားတို့ကို ထောက်ပံ့ချီးမြှင့်ရာဝယ်။

လောကီစီးပွားဖြင့် ချီးမြှောက်ခြင်း၊ လောကုတ္တရာစီးပွားဖြင့် ချီးမြှောက်ခြင်းဟူ၍ နှစ်မျိုးရှိရာ အမျိုးသားခေါင်းဆောင်တို့နှင့်သာသနာပြုပုဂ္ဂိုလ်တို့သည် လောကီစီးပွားကို ဆောင်ရွက်ပေးရုံမျှဖြင့် တာဝန်ကျေပွန်သူမမည်ပါချေ။ လောကုတ္တရာစီးပွားကိုလည်း ဆောင်ရွက်ပေးနိုင်ရန် ကြိုးစားရမည်သာဖြစ်ပါသည်။

ထို့ကြောင့် မိမိနိုင်ငံ - မိမိလူမျိုး - မိမိ၏အမျိုးဘာသာ သာသနာကြီးပွားတိုးတက်မှုကို လိုလား၍ **နိုင်ငံ၏ခေါင်းဆောင်** သာသနာပြုခေါင်းဆောင်အဖြစ် ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်ဟူသမျှတို့သည် စည်းလုံးညီညွတ်မှုရအောင် ဆောင်ရွက်မှုနှင့်လောကီ၊ လောကုတ် အကျိုးစီးပွားဖြစ်မှုတို့ကို ဆောင်ရွက်ပေးနိုင်ကြရန် လိုအပ်ပါကြောင်း နှိုးဆော်တိုက်တွန်းမှု ပြုအပ်ပါသည်။

www.dhammaransi.com



## ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း(၁၂)ရက်၊ (၂၈.၅.၂၀၁၅) သောကြာနေ့၊ နေ့လည် (၂း၀၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ တံတားကလေး လမ်း၀ရှိ ဇမ္ဗူ့သီရိဗိမာန်တော်၌ ကျင်းပခဲ့သည့် ထေရ၀ါဒ ဗုဒ္ဓသာသနာပြုရဟန်းတော် သင်တန်းအမှတ်စဉ်(၂၅)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံ ပညာပေး အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ထေရ၀ါဒ ဗုဒ္ဓသာသနာပြု ဩ၀ါဒါစရိယ ဆရာတော်များအဖွဲ့ဥက္ကဋ္ဌ မဟာသံ့သာရဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုမာရ၏ သင်တန်းဆင်းပွဲ ဩ၀ါဒကထာ

ဘုန်းကြီးတို့ သင်တန်းဖွင့်ပွဲနဲ့ သင်တန်းတွေမှာ အမှာစကားတွေလည်း အများအပြား ပြောခဲ့ပြီးပါပြီ။ ဒီ ဒကာ၊ ဒကာမတွေလည်း ကြားရလွန်းအားကြီးလို့ နားလျှံနေပါပြီ။ အရှင်ဘုရားတို့ကလည်း နာကြားပြီး ပြန်မှာဆိုတော့ ကြားပြန်တွေ ဖြစ်နေကြပြီ။ အဲဒီတော့ နားလျှံဩ၀ါဒနဲ့ ကြားပြန်ဩ၀ါဒတွေ ဖြစ်နေပြီ။ အဲဒီလို မဖြစ်အောင် လိုရင်း တိုရှင်းကိုပဲ တပည့်တော် အချိန်ချုံ့ပြီး ဟောပေးပါ့မယ်။ နယ်စပ်နဲ့ တောင်တန်းဒေသကို သာသနာပြု သွားမယ်ဆိုရင် အရှင်ဘုရားတို့ သတ္တိကို မွေးရပါလိမ့်မယ်။ သတ္တိ ရှိရပါလိမ့်မယ်။ သတ္တိ ဆိုတာနဲ့ ပတ်သက်လို့လည်း အဓိပ္ပါယ်တွေ အများကြီး ရှိပါတယ်။

"ခေါင်းဆောင်နဲ့သတ္တိ" စာအုပ်ကို ရှာပြီး ဖတ်ကြပါ။ အင်မတန်ရှားပါးတဲ့ စာအုပ် တစ်အုပ် ဖြစ်သွားပါပြီ။ အဲဒီအထဲမှာ ကယ်လီဖိုးနီးယားပြည်နယ်အမတ်၊ နောက်တော့ အထက်လွှတ်တော်ဥပဒေပြုအမတ်၊ နောင်အခါ သမ္မတလောင်း ဖြစ်လာပြီး သမ္မတ ဖြစ်ဖို့ ကလည်း သေချာနေတယ်။ အဲ့ဒီ အချိန်မှာ ဥပဒေ တစ်ရပ်ကို မရမက တင်သွင်းသွားတယ်။ အဲဒီအကြောင်းကို ရေးထားတာပါ။ နောက်တစ်ခုက ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ရေးထားတယ်။ အဲဒီမှာ သတ္တိကို ဘာပြောသလဲဆိုရင်။ တချို့က သတ်ရဲ တာကို သတ္တိတဲ့။ တချို့က သေရဲတာကို သတ္တိတဲ့။ တချို့က လုပ်ရဲတာကို သတ္တိတဲ့။ တချို့က ခံရဲတာကို သတ္တိတဲ့။ တချို့က ရဲရင့်တာကို သတ္တိတဲ့။ တချို့က စွန့်စားတာကို သတ္တိတဲ့။ အဲဒါ သတ္တိ ဖွင့်ဆိုချက်တွေ။ အဲဒီထဲမှာ အထူးအားဖြင့် ရှိသင့်တဲ့ သတ္တိကတော့ တိုင်းပြည်နဲ့လူမျိုး၊ ဘာသာ သာသနာအတွက် သေလည်း အသေမခံဘူး။ ဒါပေမယ့် သေတာထက်တောင်

www.dhammaransi.com



ဆိုးတယ်။ အင်္ဂလိပ်လိုပြောရင် Unhuman လူမဟုတ်တဲ့ လူတဲ့။ ဘယ်သူမှာ အဆက်အသွယ်မလုပ်ပဲ နှစ်ပေါင်း ၃၀-ကျော် ပြစ်ပယ်ခံခဲ့ရတာ။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းပြည်နဲ့လူမျိုး အကျိုးရှိဖို့ အတွက် သေလည်း မသေ သတ်လည်း မသတ်ပဲနဲ့ ဝိုင်းပယ်ခံ၊ အနှစ်နာခံသွားတယ်။ ဒီလို သတ္တိမျိုးကတော့ အင်မတန် ရှားပါးတယ်။ ဒါက နိုင်ငံနဲ့ လူမျိုးအတွက် ထားရှိတဲ့ သတ္တိ။ ဒါကြောင့် အရှင်ဘုရားတို့ အဲဒီလို သတ္တိမျိုး မွေးရပါမယ်။ ခုနက ပြောတဲ့ အမေရိကန် အထက်လွှတ်တော်အမတ်၊ သမ္မတလောင်းကြီးက အင်္ဂလန်နဲ့ အမေရိကန် ကုန်သွယ်ရေး ဥပဒေကြမ်းတစ်ခုကို တင်သွင်းတယ်။ အင်္ဂလန်က တစ်ဖက်သတ် ချုပ်ဆိုထားတဲ့ စီးပွားရေးစာချုပ် ဒီတော့ အမေရိကန်က ဘာမှ အကျိုးအမြတ် မပြောလောက်ဘူး။ ဒါကြောင့် တန်းတူ ညီတူ အခွင့်အရေးရှိတဲ့ စာချုပ် ချုပ်ရမယ်။ အဲ့ဒီ ဥပဒေမျိုး တင်သွင်းတယ်။ ပထမတော့ သူ့လူတွေနဲ့ အမတ်တွေက မထောက်ခံဘူး။ သူက ခဏစီးပွားရေးကျတာ ခံစားရမယ်။ ဒါပေမယ့် အနှစ်(၃၀)လောက်ကြာတဲ့အခါ အမေရိကန် နိုင်ငံဟာ ကမ္ဘာမှာ အချမ်းသာဆုံး ဖြစ်လာရမယ်။ ကာလီဖိုးနီးယားပြည်နယ်ကြီးဟာလည်း ကျော်ကြားထင်ရှားလာမယ်။ အဲ့ဒီလို ရှင်းပြတဲ့ မိန့်ခွန်းကို ပြောတယ်။ ည(၁၂)နာရီထိုး သွားတော့ စားချိန်၊ အိပ်ချိန်လွန်နေလို့ နောက်နေ့မှ ဆက်ပြောမယ် လုပ်တယ်။ မထောက်ခံတဲ့ အမတ်တွေကပဲ ဘယ်အချိန် စားစား ရတယ်။ ပြောသာပြောဆိုလို့ မိုးလင်းအောင် ပြောသွားတယ်။ ပြောပြီးတော့ အားလုံး ထောက်ခံကြတယ်။ ဒီဥပဒေအတည်ဖြစ်သွားတယ်။ နောက်ပိုင်းလည်းကျရော ရာထူးကနေ ပြုတ်တာပဲ။

ဘာဖြစ်လို့လဲဆိုတော့ သူက ကာလီဖိုးနီးယားပြည်နယ်အမတ်။ ကာလီဖိုးနီးယား ပြည်နယ်ကြီးက ကုန်သွယ်ရေး၊ စီးပွားရေး အကြပ်အတည်း ကြုံပြီး အမတ်ကနေ ထွက်ပေးဖို့ တောင်းဆိုလို့ ထွက်ပေးလိုက်ရတယ်။ အထက်လွှတ်တော် အမတ်ကရော၊ သမ္မတလောင်းဘဝ ကရော ပြုတ်သွားတယ်။ အိမ်ပြန်ရောက်တော့လည်း သူ့ကို တစ်ယောက်မှ အခေါ်အပြော မလုပ်ဘူး။ လမ်းမှာ တွေ့ရင် ရှောင်ထွက်သွားတယ်။ သူရယ်၊ သူ့မိန်းမရယ်၊ ခွေးတစ်ကောင် ရယ်ပဲ နေရတယ်။ တစ်နေ့တော့ လူနှစ်ယောက်က သူ့ကို သတ်ဖို့ လာခေါ်တယ်။ သူက ပြောတယ် မင်းတို့တင် မဟုတ်ဘူး သတ်ချင်နေတဲ့ သူတွေအများကြီး ရှိတယ်။ ငါလည်း အသတ်ခံရမယ်လို့ ထင်တယ်။ ဒါပေမဲ့ ဒီဥပဒေကြမ်းကို ဘာကြောင့် တင်သွင်းသလဲဆိုတာ

www.dhammaransi.com

ကို မင်းတို့ တဆိတ်လောက် နားထောင် ဆိုတော့ ဟိုနှစ်ယောက်က ငြင်းဆန်တယ်။ ''ငါက သေမဲ့သူပဲ မိနစ် ၃၀-လောက်တော့ အချိန်ပေးသင့်တယ်'' ဆိုမှ လက်ခံတယ်။ အနှစ် ၃၀-ကြာရင် တို့နိုင်ငံကြီးဟာ ထိပ်တန်း အချမ်းသာဆုံး နိုင်ငံဖြစ်လာမယ်။ တို့ပြည်နယ်ဟာလည်း ထိပ်တန်း ပြည်နယ်ကြီး ဖြစ်လာမယ်။ ဒါကြောင့် ငါ့ဘဝကို အဆုံးခံပြီး ဒီဥပဒေကြမ်းကို မရမက တင်သွင်းတာလို့ ရှင်းပြခဲ့တယ်။ အဲဒီတော့မှ သတ်ဖို့လာတဲ့ သူနှစ်ယောက်က ''ခင်ဗျား ပြောသလို အနှစ် ၃၀-ကြာလို့ မဖြစ်ရင်လာသတ်မယ်လို့'' ပြောပြီး ပြန်လွှတ်လိုက်တယ်။ အနှစ် ၃၀-ကြာတော့ သူ့ပြောတဲ့အတိုင်း အမေရိကန်ဟာ အချမ်းသာဆုံးနိုင်ငံကြီး ဖြစ်လာတယ်။ အဲဒီတော့မှ ငါပြောခဲ့တယ် မဟုတ်လားဆိုပြီး သူပြောတာတွေကို စာအုပ်ရိုက် ရောင်းခဲ့တယ်။ ဒီတော့မှ သူဘာပြောခဲ့သလဲဆိုတာကို သိချင်ကြလို့ အလုအယက် ဝယ်ဖတ်ကြတယ်။ သန်းနဲ့ချီ ရောင်းရလို့ သန်းကြွယ်သူဌေးဖြစ်လာတယ်။ အဲ့ဒီ သတ္တိမျိုးက နိုင်ငံနဲ့ လူမျိုးအတွက် ကိုယ့်တစ်ဘဝလုံးကို စတေးပြီး ပေးဆပ်သွားတာ ဖြစ်တယ်။ အရှင်ဘုရားတို့မှာ အဲ့ဒီလို သတ္တိမျိုး ရှိရမယ်။

အရှင်ဘုရားတို့ နယ်စပ်နဲ့တောင်တန်းဒေသ သွားလျှင် အဲ့ဒီလို သတ္တိမျိုးကို မွေးပါ။ သတ္တိဆိုတာ ဓားနဲ့တူတယ်။ ခုတ်မဲ့ဓားဆိုတာ သံအမျိုး အစားကောင်းရတယ်။ သံအမျိုးအစား မကောင်းရင် အဲဒီဓားမျိုးဟာ ခုတ်ရင် လိမ်ခွေသွားမှာပဲ။ တစ်အချက် သံအမျိုးအစားကောင်း ရမယ်။ နှစ်အချက်က လုပ်ငန်းခွင်နဲ့ အံဝင်ခွင်ကျ ဖြစ်ရမယ်။ သုံးအချက်က အဲ့ဒီဓားကို သွေးနိုင်ရမယ်။ အဲ့ဒါမှ ထက်မြတ်ပြီးတော့ ခုတ်ချင်တာ ခုတ်လို့ရမယ်။ နယ်စပ်နဲ့တောင်တန်း ဒေသသွားပေမဲ့ သာသနာပြုတွေ သတ္တိမွေးတယ် ဆိုတာ ဓားလိုပဲ။ ပင်ကိုယ် အရည်အချင်း ကလည်း ရှိရမယ်။ အဲ့ဒီသတ္တိနဲ့ လျော်ညီအောင် အရှင်ဘုရားတို့ လုပ်တတ် ကိုင်တတ်ရမယ်။ သင်တန်းကနေ ပုံစံ ထုလုပ်သွန်းပေးလိုက်တယ်။ အဲ့ဒီ ထုလုပ်သွန်းပေး လိုက်တာကို အရှင်ဘုရားတို့ သွေးဖို့တော့ လိုတယ်။ မသွေးပဲ ပစ်ထားလိုက်ရင် အဲ့ဒီဓားဟာ တုံးမှာပဲ။ အဲဒီတော့ နယ်စပ်နဲ့တောင်တန်းဒေသသွားရင် (၁) အရည်အချင်းနဲ့ သတ္တိရှိရမည်။ (၂)ဒီက ထုလုပ် သွန်းပေးလိုက်တဲ့ စည်းမျဉ်းစည်းကမ်းသင်ကြားမှုပုံစံနဲ့လည်း လိုက်လျောညီထွေ ရှိရမယ်။ (၃) အရှင်ဘုရားတို့ကလည်း ထက်မြက်အောင် သွေးရမယ်။ လုပ်ရမယ်။ တောင်တန်းမှာ သွေးပြီးတော့ အသုံးပြုကြပါ။ ဒါပထမဆုံး တပည့်တော် တိုက်တွန်းပါတယ်။

www.dhammaransi.com



ဒီတော့ သတ္တိကို ဘယ်လိုမွေးရမလဲဆိုရင် တပည့်တော်တို့ မဟာနာယက ဥက္ကဋ္ဌ ဆရာတော်ကြီး အမြဲတမ်းပြောတဲ့ ပဋ္ဌာန်းရွတ်တာပဲ တပည့်တော် ပြောပါ့မယ်။ အဲ့ဒီတော့ ပဋ္ဌာန်းကိုရွတ်ပါ။ ဘာဖြစ်လို့ ရွတ်ပါလဲဆိုရင် ခုနက ပြောတဲ့ မွေးဖို့ သတ္တိရယ်၊ သွေးဖို့ သတ္တိရယ်အတွက် ပဋ္ဌာန်းရွတ်။ ပဋ္ဌာန်းရွတ်ခြင်း အကျိုး(၆)ပါးရှိတယ်။

| | | |
|---|---|---|
| "ကျရောက်ဆဲဝယ် | အန္တရာယ် | လွှဲဖယ် လွှန်မြောက်နိုင်ပါသည်" |
| "ရောက်လတ္တံ့ရေး | ရန်စွယ်ဘေး | ကင်းဝေး လွှန်မြောက်နိုင်ပါသည်။" |
| "အပြစ်ကင်းပ | မှုကိစ္စ | လုံးဝ ပြီးစီးနိုင်ပါသည်" |
| "အပြစ်မကင်း | ကျူးလွန်ခြင်း | ချက်ချင်း ရှောင်လွှဲနိုင်ပါသည်။" |

အပြစ်မကင်းတဲ့ အလုပ်ဆိုရင် ချက်ချင်း ရှောင်လွှတ်တယ်။ ဥပမာလေး တစ်ခု ပြောပြမယ်။ ဘုန်းကြီးတို့ မှော်ဘီ ကိုးနဝင်းကျောင်းမှာ ပဋ္ဌာန်းပွဲ(၉)ရက် လုပ်တယ်။ အဲ့ဒီ ဒကာကြီးက ရန်ကုန်ကနေ မှော်ဘီကျောင်းမှာ (၉)ရက်စလုံး ဥပုသ် လာစောင့်၊ ပဋ္ဌာန်းနာ။ အချိန်ကျရင် ကြေးစည်လေးတီးပြီး နောက်ကိုယ်တော် ပင့်ပေးတယ်။ အဲဒီလို (၉)ရက်လုံး လုပ်ပေးတယ်။ အဲ့ဒါအံ့ဩဖို့ကောင်းတာက ပဋ္ဌာန်းပွဲပြီးလို့ မှော်ဘီက အပြန် ကားစီးတဲ့ အခါကျတော့ ဘေးပေါက်မှာ ကပ်ထိုင်စီးတယ်။ သူ့အတွင်းဖက်ရှိတဲ့သူက 'ဆရာကြီးရယ် နေရာချင်းလဲရအောင်'လို့ တောင်းပန်တယ်။ သူက 'မလဲဘူး'။ ဟိုလူကလည်း ခဏခဏ ပြောတယ်။ နောက်တော့' ဆရာကြီးရယ် ကျနော်က ကွမ်းအရမ်းကြိုက်တာ။ ကွမ်းမစားရ မနေနိုင်ဘူး။ ဆရာကြီးကို ကျော်ခွပြီး ကွမ်းတံတွေး ထွေးလို့လည်း မကောင်းဘူး။ ကွမ်းတံတွေးစင်သွားရင်လည်း မကောင်းဘူး။ အဲဒီတော့ ဆရာကြီးရယ် လဲပါလို့ မေတ္တာရပ်ခံတော့ အားနာလို့ လဲပေးလိုက်တယ်။ လဲပေးလိုက်ပြီး (၅)မိနစ်တောင် မကြာဘူး။ နောက်ကား တစ်စီးက ဘေးကို ဝင်တိုက်တော့ ဟိုလူကသေရော၊ သူက ထိုင်ခုံဘေးစင်ကျပြီး ထိုင်ရက် လေး။ အဲဒါကြောင့်ပြောတာ-

| | | |
|---|---|---|
| "ဆောင်ရွက်နိုင်သမျှ | ကောင်းမြတ်လှ | ကိစ္စပြီးငြိမ်းသွားနိုင်ပါသည်" |

ဘာမှ နားမလည်တဲ့ လင်းနို့(၅၀၀)တောင်မှ အဲ့ဒီဘဝက စုတေပြီး နတ်ပြည်မှာ နတ်သားတွေဖြစ်၊ လူ့ပြည် စုတေလာတော့ ရှင်သာရိပုတ္တရာထံမှ တပည့်တွေဖြစ်ပြီး အဘိဓမ္မာ ဆောင်ကာ ရဟန္တာ ဖြစ်သွားကြတယ်။ ဒီနေ့ ဒကာ၊ဒကာမတွေလည်း နားမလည်လို့

www.dhammaransi.com



အားမငယ်နဲ့ ဂရုစိုက်ပြီး နားထောင်လို့ရှိရင် ပါရမီတွေ ရင့်လာပြီး ဒါနဲ့ပဲ နိဗ္ဗာန် ဝင်နိုင်တယ်။ ဒါကြောင့်မို့-

"ဆုံးစွန်ဘဝ နိဗ္ဗာန မုချရောက်စေနိုင်ပါသည်" တဲ့။

ဟုတ်ပြီးလား? အဲ့ဒါကြောင့် နယ်စပ်နဲ့တောင်တန်းဒေသရောက်ရင် သတ္တိမွေးတဲ့ နေရာမှာ ပဋ္ဌာန်းကိုလည်း ဆရာတော်ကြီး အမိန့်ရှိသလို မမေ့မလျော့ ရွတ်ပါ။ ပဋ္ဌာန်းရဲ့ သဘောကိုလည်း သဘောပေါက်အောင် လေ့လာပါ။ တပည့်တော်တို့က အသံသာမြည်ပြီး အဆံမရှိတာ မဖြစ်ရအောင်, အဆန်အနှစ်သာရလေးပါအောင် တပည့်တော် အနည်းငယ် ရှင်းလင်းဟောပြပါ့မယ်။

အဲ့ဒီတော့ တပည့်တော်တို့ ပဋ္ဌာန်းဟာ အကြောင်းတရား ရှိတယ်။ အကျိုးတရား ရှိတယ်။ အကြောင်းတရားနဲ့ အကျိုးတရား ဆက်သွယ်ချက် ရှိတယ်။ အကြောင်းတရားဟာ ကောင်းတဲ့ အကြောင်းတရားရှိတယ်။ မကောင်းတဲ့ အကြောင်းတရားရှိတယ်။ အကျိုးတရား ဟာလည်း ကောင်းတဲ့အကျိုးတရားရှိတယ်။ မကောင်းတဲ့ အကျိုးတရားရှိတယ်။ အဲ့ဒီအကြောင်း တရား၊ အကျိုးတရားတွေကို ရွတ်ဖတ်ရင်းနဲ့ ဆင်ခြင်သွားလို့ရှိရင် ကိုယ်လုပ်တဲ့အလုပ်က ကောင်းတဲ့အလုပ်လား? မကောင်းတဲ့ အလုပ်လား? ဆိုတာ တွေးတော စဉ်းစားမိလာမယ်။ ကောင်းတဲ့အလုပ်လုပ်ရင် ကောင်းတဲ့အကျိုးရမှာမို့ လုပ်ကို လုပ်ရမယ်။ မကောင်းတဲ့ အကြောင်းလုပ်လျှင် မကောင်းတဲ့အကျိုးကို ရရှိမှာမို့ ရှောင်ရမယ်။ အဲ့ဒါတွေ အရှင်ဘုရားတို့ စဉ်းစားနိုင်ပြီး အဲ့ဒီ ဉာဏသတ္တိတွေ ရလာခဲ့ရင် အရှင်ဘုရားတို့ အောင်မြင်ပါလိမ့်မယ်။ အဲ့ဒီတော့ ပဋ္ဌာန်းကို ရွတ်ပါ။ ပီပီသသ ရွတ်ပါ။ အဲ့ဒီလို ရွတ်ဆိုရာမှာ နှုတ်တွေ၊ လျှာတွေ၊ အာတွေက သဘာဝအတိုင်း မဖြစ်လို့ မပီနိုင်တာတွေရှိလျှင် ယုံကြည်ချက်နဲ့ ရွတ်ပါ။ တရုတ်ကြီး ပဋ္ဌာန်းရွတ်သလိုပေါ့။

တရုတ်ပြည်မှာ ဂျပန်နဲ့တရုတ်စစ်ဖြစ်တော့ မြန်မာပြည် ပြေးလာတယ်။ ကြဲရာ ကားစီးရင်းနဲ့ အင်းစိန်ရောက်လာတော့ တရုတ်ဘုံကျောင်းတစ်ခု အကူအညီ တောင်းတယ်။ အထမ်းတစ်ခုနဲ့ ရွာတွေမှာ ပစ္စည်းတွေလိုက်ရောင်းရင်း မြန်မာမတစ်ယောက်နဲ့ မေတ္တာမျှလို့ အိမ်ထောင်ကျတယ်။ နောက်တော့ ကုန်စုံဆိုင်တည်တယ်။ ရွာမှာ ကြီးပွားလာတယ်။ တရုတ်က ဆွေမရှိ, မျိုးမရှိ။ အဲ့တော့ ပြောရဦးမယ်။ လောကမှာ ဆွေမျိုးဆိုတာ အရေးကြီးတယ်။

www.dhammaransi.com



ဒါကို လောကနီတိချိုးမှာ-

""မြရောင်ရည် ဖိတ်လျှမ်းလို့၊ ရိပ်ချမ်းလှသစ်ပင်
ထို့တက်ကယ် ဆွေညာနှင့်၊ မိရိပ်ဖရာမြန်း ချမ်း၏မှတ်ထင်
ဆရာကိုမှီကြလို့ စိုးရတဲ့ရှင်သခင် ခိုဝင်က တုန်အေး
တို့ထက်ကယ် ရာထောင်ပ သာသနာရိပ်ပင်မ
ချမ်းသည်းလှလေး။ ။""တဲ့

သစ်ပင်အရိပ်ထက် ဆွေမျိုးတို့၏ အရိပ်အာဝါသက အေးတယ်။ ထိုဆွေမျိုးအရိပ်ထက် မိဘတို့၏ အရိပ်က ပိုအေးတယ်။ ထို့ထက် ဆရာသမားတို့၏ အရိပ်က ပိုအေးတယ်။ ထို့ထက် အစိုးရ မင်းကောင်းမင်းမြတ်တို့၏ အရိပ်က ပိုအေးတယ်။ ထို့ထက် သာသနာတော်၏ အရိပ်က အဆရာထောင်မက ပိုအေးတယ်။ အအေးချမ်းဆုံးဖြစ်တယ်။

အခုတော့ တရုတ်က ဆွေမျိုးမရှိဘူး။ အဲ့ဒီတော့ အရိပ် အာဝါသ မရှိသလို ဖြစ်တာပေါ့။ မိန်းမအမျိုးတွေက သူ့ကို တအားနိုင်တယ်။ ပိုက်ဆံချေးပြီး သွားတောင်းတဲ့အခါ မဆပ်တဲ့အပြင် တရုတ်ကို ဆဲလွှတ်သေးတယ်။ ဈေးဝယ်ပြီး ပိုက်ဆံတောင်းလည်း မပေးဘူး။ တရုတ်က လိုမ့်ပိတ်ခံနေရတယ်။ အဲ့ဒါမျိုးတော့ ခံနိုင်တယ်။ နောက်တော့ ပြည်တွင်းစစ်ဖြစ်၊ ရပ်ရွာမအေးချမ်းတော့ ဓားမြတွေ ခဏခဏ တိုက်တယ်။ ဟိုတုန်းကဆို ၁၅-ရက် တစ်ခါလောက် တရွာ မဟုတ် တရွာ ဓားမြတိုက်တယ်။ တရုတ်က ဓားမြတိုက်လို့ ပစ္စည်းပါသွားတာ အကြောင်းမဟုတ်ဘူး။ ဒါပေမဲ့ သူ့ကို သိနေတာများတော့ သတ်သွားမှာ ကြောက်တယ်။ သူက ပြောတယ်။ ""မိန်းမရယ်၊ မင်းတို့ မြန်မာတွေမှာ အန္တရာယ်ကင်းတဲ့ အဆောင်ကလေးများ မရှိဘူးလား?"" မိန်းမက ""ပဋ္ဌာန်းရွတ်ပေါ့""တဲ့။ ""ငါက ပဋ္ဌာန်းမှ နားမလည်တာ ဘယ်လိုရွတ်မလဲ? ""ဘုန်းကြီးဆီ သွားသင်"" ""ဘုန်းကြီးပြောတာလည်း ငါနားမလည်၊ ငါပြောတာလည်း ဘုန်းကြီးက နားလည်မှာ မဟုတ်။ ဘုန်းကြီးနဲ့ ငါနဲ့ ဖြစ်မှာ မဟုတ်ပါဘူး။ အဲ့ဒီတော့ နင်သင်ပေး"" ပြောတော့ မိန်းမက ""ငါလည်း စာတတ်တာမဟုတ်ဘူး။ သူများရွတ်ဖတ်တာကြားပြီး ရွက်တာပဲ။ မှန်ချင်မှ မှန်မယ်"" ""မှန်၊ မမှန်သင်ပေး"" ဆိုတော့ မိန်းမက သူသိသလို၊ သူရွတ်တတ်သလို သင်ပေးတယ်။ သင်ပေးတဲ့သူက စာမတတ်၊

www.dhammaransi.com

အရွတ်အဖတ် မမှန်တဲ့ မိန်းမ၊ သင်ယူသူက အသံထွက် မပီတဲ့ တရုတ်။ ဒါပေမဲ့ တရုတ်ကြီးက ယုံကြည်ချက်တော့ ရှိတယ်။ ယုံကြည်ချက် အပြည့်နဲ့ ညတိုင်းညတိုင်း မပီကလာ ပီကလာ ရွတ်ရှာတယ်။

တစ်ညမှာ သူခိုးက သူ့ဆိုင်ဖောက်ဖို့ ဆိုင်အောက်မှာ စောင့်နေတယ်။ တရုတ်က ဆိုင်သိမ်း၊ ပိုက်ဆံသေသေချာချာသိမ်းတယ်။ ချွေးသုတ်ပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ဘုရားစင်ရှေ့ထိုင် အမောဖြေတယ်။ အမောပြေတော့မှ အားရပါးရ ပဋ္ဌာန်းကို ရွတ်တာကိုး။ သူခိုးကလည်း တရုတ်အိပ်ပြီလားလို့ သေသေချာချာ နားစွင့်နေရင်း ဖောက်မယ် လုပ်တုန်း "ဟေ့လူ ပစ်မနော်" ဆိုတော့ သူခိုးက လန့်သွားတယ်။ 'ဟာ--- ငါရောက်နေတာ တရုတ်က သိနေတာကိုး။ တရုတ်က ပိုက်ဆံရှိတော့ လက်နက်ပုန်း ရှိနေသလား? အဲ့ဒီတော့ ငါပြေးမှ' ဆိုပြီး အိမ်အောက်ထဲကနေ ထွက်လာတယ်။ အဲဒီမှာ တရုတ်က ဆက်ရွတ်တယ်။ 'အရမ်းမနာ ပစ်မယ်နော်' အဲ့ဒီမှာ သူခိုးက ပြေးတော့ ခြံဝလည်း ရောက်ရော။ တရုတ်ကလည်း ထပ်ရွတ်ပြန်တယ်။ 'မထိတထိ ပစ်မယ်နော်'။ အဲဒါနဲ့ သူခိုးက ခြံပြင်ရောက်အောင် မြန်မြန် ထွက်ပြေးတယ်။ အဲ့ဒီအချိန်မှာ တရုတ်က 'အနာတရ ပစ်မယ်နော်' လို့လည်း ရွတ်ရော သူခိုးက အကြောက်ကြီး ကြောက်ပြီး တချိုးတည်း လစ်တော့တာပဲ။ အဲဒါ တရုတ်ကြီးရွတ်တဲ့ ပဋ္ဌာန်းကြောင့် သူခိုးပြေးတာ ဟုတ်ပြီလား။

အဲ့ဒီတော့ ချုံ့ပြောရရင် ဘုန်းကြီးတို့ သတ္တိမွေးပါ။ သတ္တိသွေးပါ။ သတ္တိရဖို့ အလွယ်ဆုံးကတော့ ဆရာတော်ကြီး ဟောတဲ့အတိုင်း ပဋ္ဌာန်းကို ရွတ်ပါ။ ပဋ္ဌာန်းရွတ်တဲ့အခါ ကြောင်းကျိုးဆက်သွယ်ချက်တွေကို ဆင်ခြင်ပါ။ အဲဒီလို ဆင်ခြင်တဲ့အခါ မိမိလုပ်ငန်းတိုင်းမှာ အကြောင်းအကျိုး အကောင်းအဆိုး၊ အကျိုးရှိ၊ သင့် မသင့်၊ တော် မတော်။ အဲ့ဒီလို ကြောင်းကျိုးကို အမြဲတမ်း ဆင်ခြင်ပြီးလုပ်ပါ။ အရှင်ဘုရားတို့ လိုရာပန်းတိုင်ကို ရောက်ကြပါလိမ့်မယ်။ ဒါကြောင့်မို့ အန္တရာယ်ကင်း ဉာဏ်ပွင့်လင်းအောင် ပဋ္ဌာန်းတရား ရွတ်ပွားပြီးတော့ အန္တရာယ် ကင်းကင်း ဘေးရှင်းရှင်းနဲ့ သာသနာတော်ကြီးကို ပြုနိုင်ကြပါစေလို့ တပည့်တော် မှာကြားရင်း နိဂုံးချုပ်ပါတယ်။

❖ ❖ ❖

www.dhammaransi.com



၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၄)ရက်၊ (၂၀.၇.၂၀၁၅) တနင်္လာနေ့၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ကျင်းပပြုလုပ်သော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေး အဖွဲ့ (၂၂)ကြိမ်မြောက် အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးစိုးဝင်း၏ သာသနာရေးဆိုင်ရာလျှောက်ထားလွှာ

ရှိသေလေးမြတ်စွာလျှောက်ထားအပ်ပါသည်၊ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား........

ယနေ့ ကျင်းပပြုလုပ်သော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် အတွင်းရေးမှူးဆရာတော်များ ပင်ပန်းနွမ်းနယ်မှုကို ဂရုပြုတော်မမူဘဲ အမျိုးဘာသာ သာသနာတော်အတွက် အထူးအလေးအနက်ထားကာ ကြွရောက်တော်မူလာသည်ကို ကြည်ညိုဖူးတွေ့ရပါသဖြင့် စိတ်နှလုံးကြည်လင်ချမ်းမြေ့ပြီး မဟာကုသိုလ်တရားများ တိုးပွားရပါကြောင်းနှင့် ဆရာတော်ကြီးများ ကာယစိတ္တသုခနှစ်ဖြာ ချမ်းသာတော်မူကြပါစေကြောင်း ရှေးဦးစွာ မေတ္တာပို့သဆုတောင်းကန်တော့ အပ်ပါသည်ဘုရား။

ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား.......

ယခုအခါ အခြေခံပညာရေးဥပဒေကြမ်းကို ပြည်သူများသိရှိ အကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများမှ ထည့်သွင်းဖော်ပြထားပါသည်ဘုရား။ အခြေခံပညာရေး ဥပဒေကြမ်း အခန်း ၄ တွင် အခြေခံပညာရေးအဆင့်များ၊ အတန်းများနှင့် ကျောင်းအမျိုးအစားများကို ရှင်းလင်းဖော်ပြထားရာ အခြေခံပညာရေးသည် သူငယ်တန်း ပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်းကာလ ၁၂-နှစ်ကို ဦးတည်၍ ဆောင်ရွက်ရန်ဖြစ်ပါသည်ဘုရား။ အခြေခံပညာရေးအဆင့်များနှင့် အတန်းများမှာလည်း-

www.dhammaransi.com



(က) အသက် ၅ နှစ်ပြည့်ပြီးကလေးများအတွက် မူလတန်းအဆင့်ပညာရေး၏ အခြေခံ အတန်းသတ်မှတ်သည့် သူငယ်တန်းပညာရေး၊

(ခ) ပထမတန်းမှ ပဉ္စမတန်းအထိ မူလတန်းအဆင့်ပညာရေး၊

(ဂ) ဆဋ္ဌမတန်းမှ နဝမတန်းအထိ အလယ်တန်းအဆင့်ပညာရေး၊

(ဃ) ဒသမတန်းမှ ဧကာဒသမတန်း၊ ဒွါဒသမတန်းတို့ပါဝင်သည့် အထက်တန်းအဆင့် ပညာရေးတို့ဖြစ်ပါသည်ဘုရား။

ထို့အပြင် အခြေခံပညာကျောင်းအမျိုးစားများကိုလည်း-

(က) သူငယ်တန်းနှင့် မူလတန်းအဆင့်အတန်းများပါရှိသည့် အခြေခံပညာ မူလတန်းကျောင်း၊

(ခ) သူငယ်တန်းနှင့် မူလတန်အဆင့်အတန်းများပါရှိပြီး အလယ်တန်းအဆင့် အတန်များပါရှိသည့် အခြေခံပညာအလယ်တန်းကျောင်း၊

(ဂ) သူငယ်တန်းနှင့် မူလတန်းအဆင့်အတန်းများပါရှိသည့် (သို့မဟုတ်) မပါရှိသည့် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတန်းများသာ ပါရှိသော အခြေခံပညာ အထက်တန်းကျောင်းဟူ၍ ပေါ်ထွန်းလာမည့် ပညာရေးဥပဒေအရ ကျောင်းအမျိုးအစားများ ကိုလည်း ထိုကဲ့သို့ သတ်မှတ်မည်ဖြစ်ပါသည်ဘုရား။

ထို့ပြင် တပည့်တော်လျှောက်ထားလိုသည်မှာ ဆရာတော်များအနေဖြင့် တပည့်တော် တင်ပြလျှောက်ထားခဲ့သည့် အခြေခံပညာရေးဥပဒေကြမ်း အတည်ပြုပြီးပါက မိမိတို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုလည်း အဆင့်မီစွာ သင်ကြားပေးရန် အထူးလိုအပ် လာမည်ဖြစ်ပါသည်ဘုရား။ ယခင်ကမူလတန်းကျောင်းများသည် စတုတ္ထတန်းအထိသာ သင်ကြားရသော်လည်း ယခုဖြစ်ပေါ်လာမည့် အခြေခံပညာရေးဥပဒေသစ်အရ ပဉ္စမတန်းအထိ သင်ကြားပေးရန်လိုအပ်လာသလို အလယ်တန်းကျောင်းများသည်လည်း ယခင်က အဋ္ဌမတန်း

www.dhammaransi.com



အထိသင်ကြားနေရာမှ နဝမတန်းအထိ သင်ကြားပေးရန် လိုအပ်လာမည်ဖြစ်ပါသည်ဘုရား။ ဤနေရာတွင် တစ်ခုစဉ်းစားရမည့်အချက်မှာ ဘုရားတပည့်တော်တို့ ဝန်ကြီးဌာနအနေဖြင့် မူလတန်းလွန်ကျောင်း ၄၇၁ ကျောင်း အသိအမှတ်ပြုထားသည်ဖြစ်ရာ ယခုပေါ်ထွန်းလာမည့် အခြေခံပညာရေးဥပဒေအရ မူလတန်းလွန်ကျောင်းများ မရှိတော့သည့်အတွက် အဆိုပါကျောင်းများကို ပြန်လည် ဆန်းစစ်ရန် လိုအပ်လာပါသည်ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား.......**

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ မူလတန်းကျောင်းများ အသစ်ဖွင့်လှစ်ရန် ၄၅-ကျောင်းနှင့်၊ မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် ၃၂ ကျောင်း၊ စုစုပေါင်း ၇၇ ကျောင်း လျှောက်ထားလာသည်ကို စိစစ်တွေ့ရှိရပါသည်ဘုရား။ ယခု ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးပြီးသည့်နောက်တွင် အသစ်လျှောက်ထားလာသည့် မူလတန်းကျောင်း ၄၅ ကျောင်းအား တပည့်တော်တို့ ဝန်ကြီးဌာနမှ အမြန်ဆုံးကွင်းဆင်းစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဖွင့်လှစ်ခွင့်ရရန် အသိအမှတ်ပြုပေးပါမည်ဘုရား။ ကွင်းဆင်းစစ်ဆေးမည့်ပုံစံများကိုလည်း ဆရာတော်များအား ကြိုတင်ဆက်ကပ်ထားသည့်အတွက် နောင်ကျောင်းအသစ်လျှောက်ထားသည့်အခါတိုင်း တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေး ဥက္ကဋ္ဌဆရာတော်များအနေဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ အနေဖြင့်သော်လည်းကောင်း အဆိုပါစစ်ဆေးချက်များနှင့်ကိုက်ညီမှုရှိမှသာ ထောက်ခံတင်ပြပေးရန်လည်း လျှောက်ထားလိုပါသည်ဘုရား။

ယခုနှစ်တွင် နဝမတန်း၊ ဒသမတန်း ကျောင်းသား/ကျောင်းသူများအတွက် ပြင်ပမှ ဖြေဆိုနိုင်ရန် ပညာရေးဝန်ကြီးဌာနမှလည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်ဘုရား။ ထို့အတူ အထက်တန်းကျောင်းများ ဖွင့်လှစ်ရန်လိုအပ်နေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနီးတွင် အစိုးရအထက်တန်းကျောင်းများ ဖွင့်လှစ်ရန် ပညာရေးဝန်ကြီးဌာနမှ စီမံဆောင်ရွက်လျက်ရှိပါသည်ဘုရား။

www.dhammaransi.com



သင်ကြားရေးနှင့် စပ်လျဉ်း၍လည်း ဆရာ/ဆရာမများ အရည်အသွေးမြင့်မားလာစေရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းပြီး ဆရာဖြစ်သင်တန်းများ၊ စွမ်းရည်မြှင့်သင်တန်းများနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT) တက်ရောက်ခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါသည်ဘုရား။

ပြောင်းလဲသော ပညာရေးစနစ်နှင့်အညီ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားပေးရန်လိုအပ်သလို ကလေးငယ်များ၏ နှစ်စဉ်အောင်ချက်ရာခိုင်နှုန်းများလည်း တိုးတက်လာစေရေး ကြိုးစားပေးစေလိုပါသည်ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား.......**

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းသစ်များဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး ကျောင်းသစ်ဖွင့်လှစ်ရန် လိုအပ်သော အင်္ဂါရပ်များနှင့် ပြည့်စုံမှု ရှိ/မရှိ တိကျသေချာစွာ စစ်ဆေးပြီး ဖွင့်လှစ်ခွင့်ပြုပေးလျက်ရှိပါသည်ဘုရား။ ထိုကဲ့သို့ စနစ်တကျဆောင်ရွက်ခြင်းဖြင့် အရည်အသွေး မြင့်မားသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပေါ်ထွက်လာမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း အထောက်အကူပြုမည် ဖြစ်ပါသည်ဘုရား။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ/ဆရာမများအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နိုင်ငံတော်မှခွင့်ပြုရံပုံငွေ ကျပ်သိန်းပေါင်း ၃၀၀၀၀၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျပ်သိန်းပေါင်း ၃၃၂၆၈ သိန်း ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ငွေကျပ်သိန်းပေါင်း ၃၄၇၅၂ သိန်း ထောက်ပံ့ပေးမည်ဖြစ်ပါသည်ဘုရား။ ၄င်းအပြင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် နိုင်ငံတော်မှ ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ကျောင်းသားဦးရေအလိုက် ထောက်ပံ့ရန် စီစဉ်လျက်ရှိပါသည်ဘုရား။ ထို့ကြောင့် ကျောင်းသားစာရင်း၊ ဆရာ/ဆရာမ အင်အားစာရင်းတို့ကို တိတိကျကျမှန်မှန်ကန်ကန်နှင့် အချိန်မီပေးပို့ရန် လိုအပ်ပါသည်ဘုရား။ ထိုသို့ ကျောင်းသား

www.dhammaransi.com



စာရင်းနှင့် ဆရာ/ဆရာမများစာရင်း အချိန်မီရောက်ရှိနိုင်မှသာ ထောက်ပံ့ငွေပို့မည့်ကိစ္စများ အဆင်ပြေချောမွေ့နိုင်မည် ဖြစ်ပါသည်ဘုရား။

တစ်ဆက်တည်းလျှောက်ထားလိုသည်မှာ တပည့်တော်တို့အနေဖြင့် ထောက်ပံ့ကြေး ပေးရန်အတွက် နိုင်ငံတော်ဘတ်ဂျက်သို့ တွက်ချက်ပြီးတောင်းခံရပါသည်ဘုရား။ ယခု ဘဏ္ဍာရေး နှစ်တွင်မှ ကျောင်းသစ်ဖွင့်ရန်လျှောက်ထားလာသော မူလတန်းကျောင်းများသည် သတ်မှတ် အင်္ဂါရပ်များနှင့်ပြည့်စုံပါက ဖွင့်လှစ်ရန်အသိအမှတ်ပြုခံရမည်ဖြစ်သော်လည်း ဆရာ/ဆရာမ များအတွက် ထောက်ပံ့ငွေရရှိနိုင်မည် မဟုတ်ပါကြောင်းနှင့် လာမည့် ဘဏ္ဍာရေးနှစ်တွင်မှသာ ထောက်ပံ့ငွေရရှိနိုင်မည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာ/ဆရာမများအတွက် ထောက်ပံ့ငွေကိစ္စများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ လွယ်ကူစေရန်နှင့် စနစ်တကျရှိစေရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက် အရ ဝန်ကြီးဌာနမှ ထောက်ပံ့ငွေများကို တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများထံ လွှဲပြောင်းပေးပို့လျက်ရှိပါသည်ဘုရား။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူး (သို့မဟုတ်) တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးက တာဝန် ပေးအပ်သော အရာရှိထံ လွှဲပြောင်းထုတ်ပေးခြင်းကို တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေး ဥက္ကဋ္ဌဆရာတော်၊ အတွင်းရေးမှူးဆရာတော်တို့က ကြီးကြပ်ပေးရန် ဖြစ်ပါသည်ဘုရား။

မြို့နယ်အဆင့်တွင်လည်း မြို့နယ်သာသနာရေးမှူး (သို့မဟုတ်) တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးက တာဝန်ပေးအပ်သောအရာရှိက သက်ဆိုင်ရာကျောင်းအုပ် ဆရာတော်များ(သို့မဟုတ်) ကပ္ပိယထံ ငွေထုတ်ပေးမည်ဖြစ်ပြီး မြို့နယ်ကြီးကြပ်ရေးဥက္ကဋ္ဌ ဆရာတော်နှင့် အတွင်းရေးမှူးဆရာတော်တို့က ကြီးကြပ်ပေးရန်ဖြစ်ပါသည်ဘုရား။ ကြီးကြပ် ရေးဆရာတော်၊ ငွေထုတ်သူအရာရှိ၊ ငွေလက်ခံသူ ၃ ဦးစလုံး လက်မှတ်ရေးထိုးပြီး ငွေလွှဲ ပြောင်းလက်ခံကိစ္စများကို ဆောင်ရွက်ရန်နှင့် ငွေရပြေစာ နမူနာ ပုံစံအတိုင်း ဖြည့်သွင်း လက်မှတ်ရေးထိုးပြီး ငွေရပြေစာများကိုလည်း လစဉ်ဆောလျင်စွာ ပြန်လည်ပေးပို့ရန်

www.dhammaransi.com



လျှောက်ထားအပ်ပါသည်ဘုရား။ ဘဏ္ဍာရေးကိစ္စသည် အရေးကြီးသောကိစ္စဖြစ်၍ စနစ်တကျ ရှိစေရန် ဘုရားတပည့်တော်အနေဖြင့် အလေးထားလျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား။

ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ယခုဘဏ္ဍာရေးနှစ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ကျောင်းသားအင်အားအလိုက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်ဘုရား။ ထောက်ပံ့ငွေများ၏ ၅၀ ရာခိုင်နှုန်းကို ဇွန်လမကုန်မီတွင်လည်းကောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို နိုဝင်ဘာလတွင်လည်းကောင်း ထောက်ပံ့ပေးမှာဖြစ်ပြီး သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ငွေစာရင်းခေါင်းစဉ် ၁၂ မျိုးဖြင့် သုံးစွဲရမှာဖြစ်ပါသည်ဘုရား။

ထောက်ပံ့ငွေများကို လက်ခံလိုသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အနေဖြင့် မြို့နယ်ပညာရေးမှူးရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းထောက်ပံ့ငွေ များနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်ဘုရား။ ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးမည့် အစီအစဉ်ကိုလည်း ဆရာတော်ဘုရားများ ကြိုတင် သိရှိပြီးပြီဟု ယူဆပါသည်ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား.......**

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မြန်မာနိုင်ငံ၏ သမိုင်းစဉ်အဆက်ဆက် အစဉ်အလာကောင်းများဖြင့် ကောင်းစွာရပ်တည်နိုင်ခဲ့ပါသည်ဘုရား။ ထိုအစဉ်အလာကောင်း များကို ဆက်လက်ထိန်းသိမ်းရင်း စာမတတ်သူပပျောက်ရေး၊ ဆင်းရဲမွဲတေမှုလျော့ချရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဟူသော နိုင်ငံတော်၏ ရည်မှန်းချက်များကို တစ်ဖက်တစ်လမ်းမှဆက်လက် အထောက်အကူပြုပေးပါရန် လျှောက်ထားအပ်ပါသည်ဘုရား။ ထို့ပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး၊ သင်ကြားမှုပိုင်းအဆင့်မြင့်မားရေးတို့အတွက် ဆရာ၊ ဒကာ လက်တွဲညီညာစွာ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လျှောက်ထားရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ် အပ်ပါသည်ဘုရား။

www.dhammaransi.com



# မြန်မာ့သာသနာ့သမိုင်းတွင် ထင်ရှားသော ပရိယတ္တိ၊ ပဋိပတ္တိဆရာတော်များ

## ဓမ္မသေနာပတိ

## အရှင်အရိယဝံသမဟာထေရ်



အရှင်အရိယဝံသထေရ်ကား ပိဋကတ်သုံးပုံနှင့် ဗျာကရဏ်းကျမ်း အလုံးစုံကို အကုန်မွေနှောက် ချဉ်းနင်းတတ်မြောက်တော်မူသည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်မြတ်ပါတည်း။

ပင်းယနယ်ဇာတိလည်းဖြစ် ပင်းယမြို့တော် စကားကျောင်းများ၌ ပညာသင်ကြားခဲ့သည့် ပုဂ္ဂိုလ်မြတ်လည်း ဖြစ်ရကား အရှင်အရိယဝံသ၏ ဖြစ်စဉ်ဖြစ်ရပ် အဋ္ဌုပ္ပတ်ကို ပင်းယသာသနာဝင်ကျမ်း၌ လေ့လာသိရှိသမျှ ဖော်ပြမှတ်တမ်းတင်အပ်ပါသည်။

### ဇာတိဌာနေ မွေးရပ်မြေ

ဆရာတော်အရှင်အရိယဝံသသည် ဝိဇယပုရမည်သောပင်းယမြို့တောင်ဖက် စကားအင်းရွာ၌ သက္ကရာဇ် ၆၂၀-ပတ်ဝန်းကျင်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်ရွယ်စဉ်ကမှစ၍ ပင်းယမြို့တော် စကားအင်းကျောင်းဆရာတော်များထံ ရောက်ရှိ၍ သာမဏေဝတ် ပညာသင်ကြားတော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရဟန်းပြု၍ သာသနာ့ဝန်ကို

www.dhammaransi.com

ထမ်းဆောင်တော်မူခဲ့လေသည်။

## ဉာဏ်လွန်စွာထက်မြက်

ဆရာတော်လောင်းလျာ၏ ဉာဏ်ရည်ဉာဏ်သွားမှာ ဝဇိရစိန်ပမာ မြမြထက်လှ၏။ ပင်းယစကားကျောင်းကပင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ကြား၍ မိန်းမ ကိုယ်ဝန်ဆောင်တရွက်ခန့် ရွက်ဆောင်နိုင်လောက်အောင် နှုတ်တက်အာဂုံဆောင်စွမ်းနိုင်သည် ဟု သိရ၏။

## နည်းနာခံမည်ဟု စစ်ကိုင်းကြွ

သို့ရာတွင် စာပေတတ်မြောက်သည်ဆိုသည့်သဘောကို မသိပဲရှိသဖြင့် စစ်ကိုင်း အရပ်ဝယ် ကျမ်းဂန်တတ်မြောက်သည့် ဆရာများထံ နည်းခံမည်ဟု စစ်ကိုင်းသို့ ကူးကြွ တော်မူလေသည်။ ထိုအခါ စစ်ကိုင်းတောင်ရိုး ပုညရှင်စေတီတော်မြောက်ဖက် ကျမ်းဂန်လွန်စွာ တတ်မြောက်သော ရေငုံဆရာတော်ဟုထင်ရှားသော ဆရာတော်တစ်ပါးရှိလေ၏။ ဝိနယဂရုက၊ သိက္ခာကာမဂုဏ်နှင့်လည်း ပြည့်စုံ၏၊ စကားမှားများပြောမိမည်စိုး၍ ရေကို ငုံ၍သာနေလေ့ ရှိသောကြောင့် ရေငုံဆရာတော်ဟု တွင်လေသည်။

## ရေငုံဆရာတော်ထံချဉ်းကပ် စာဝါတောင်း

အရှင်အရိယဝံသသည် ဖော်ပြပါ ရေငုံဆရာတော်ထံ စာဝါတောင်းမည်ဟု ရောက်ရှိ ခဲ့လေသည်။ သို့ရာတွင် ၂-ရက်တိုင်တိုင် စကားမပြောရချေ၊ ဝတ်ဖြည့်၍သာ ပြန်ခဲ့ရလေ သည်၊ ၃-ရက်မြောက်သောနေ့တွင် သားရေနယ်ကို ခေါက်သည်တွင်မှ အသံကြားရ၍ ရေကိုထွေးပြီးလျှင် မေးမြန်းသဖြင့် စာဝါလျှောက်ထားလိုသောကြောင့် လာပါသည်-ဟု ဆိုလေသော် သင်ကြားလေ့ကျက်ဘူးသော ကျမ်းဂန်များကို မေးလေရာ "တပည့်တော် သင်ရိုးပိဋကတ်ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာနှင့်တကွ သင်ယူဘူးပါကြောင်း" သို့ရာတွင် စာတတ်သည် ဆိုသည်ကို နားမလည်သေး၍ ဆရာတော်ထံလာရောက်၍ စာဝါတောင်း လျှောက်ရပါသည်"ဟု လျှောက်ထားလေလျှင် "ဦးပဥ္စင်း ငါ့မှာ တနေ့ ၃-ဝါပို့ချရသည်၊ မွန်းတိမ်းလျှင် ပုညရှင်စေတီသို့တက်၍ စေတီရင်ပြင် တံမြက်စည်းလှည်းရပေ၏၊ အားလပ်

www.dhammaransi.com



ချိန်ဟူ၍ မရှိပါ၊ သို့ရာတွင် တံမြက်စည်းဝတ် ပျက်ပေစေဦး၊ ဦးပဋ္ဌင်းစာတတ်အောင် လုပ်ပေးရဦးမှာပေါ့''ဟု မိန့်တော်မူကာ လက်သန်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော လက်သန်းဋီကာခေါ်သည့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်းကို သင်ယူရမည်ဟု မိန့်တော်မူကာ စာဝါပေးသနားတော်မူလေသည်။

## ၃-ရက်တက်ပြီး စာတက်မလာ

ရေငုံဆရာတော်သည် ပင်းယဘုန်းကြီး အရှင်အရိယဝံသအား နည်းနာနယစုံလင်စွာဖြင့် ချပို့သင်ပြပေးတော်မူလေသည်၊ ဝါကျသွား ဝါကျလာအမျိုးမျိုး၊ အနုသန္ဓေအထွေထွေ၊ ကျမ်းရိုးအသွယ်သွယ်၊ အဓိပ္ပါယ်အဖြာဖြာမှစ၍ သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်း၊ နေတ္တိနည်း၊ ပဋ္ဌာန်းနည်းတို့မှစ၍ နည်းစုံကျင်း၍ ချပို့တော်မူလေသည်။ ရှင်းရှင်းဆိုရမူ စာတတ်သည်ဆိုသည်ကို နားလည်သဘောပေါက်အောင် ချပို့ပေးတော်မူလေသည်၊ အရှင်အရိယဝံသသည် ၃-ရက်မြောက်သင်ကြားပြီးနောက် စာတတ်ပြီဆိုသည်ကို သိသဖြင့် စာပေများကို ကြည့်ရှု သုံးသပ်၍ ရေငုံဆရာတော်ထံ စာတတ်ရန် ၃-ရက်ခန့်မလာပဲ ရှိလေ၏။

၃-ရက်ခန့်ကြာပြီးနောက် အရှင်အရိယဝံသသည် ဆရာဖြစ်သော ရေငုံဆရာတော်ထံ ''ဆရာတော်ဘုရား ဆရာတော်သင်ပြပေးသော နည်းကိုမှီး၍ စာတတ်သည်ဆိုသည်ကို သိပါပြီ၊ သို့ဖြစ်၍ တပည့်တော် ၃-ရက်ခန့် စာတတ်မလာပဲရှိပါသည်။ တပည့်တော်အား စာချဘို့ ကျေနပ်တော်မူပါဘုရား''ဟု လျှောက်ထားလေ၏။

## ကျေးဖူးဆပ် ကျမ်းပြုရမည်

ထိုအခါ ရေငုံဆရာတော်က ''ငါ့ရှင် သည်လိုဆိုလျှင် ငါ့ကို ကျေးဇူးဆပ်သည့်အနေနဲ့ အနက်သဒ္ဒါနှင့်ပြည့်စုံတဲ့ ငါ့ရှင်သင်ယူတဲ့ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်းကြီး၏ အဖွင့် သံဝဏ္ဏနာဋီကာကျမ်းကြီးတစ်ဆောင်ကို ပြုစုပါလော့''ဟု မိန့်ဆိုတိုက်တွန်းတော်မူလေသည်။

## ပြုတော်မူသော ကျမ်းစာများ

အရှင်အရိယဝံသ ပြုစုတော်မူသောကျမ်းစာများကို သိသမျှ ဖော်ပြရသော်-

၁။ မဏိသာရမဉ္ဇူသာဋီကာ

www.dhammaransi.com



၂။ မဏိဒီပဋီကာ

၃။ ဂန္ထာဘရဏပါဠိ

၄။ ဇာတကဝိသောဓနပါဠိ

၅။ အနုဋီကာမဟာနိသျ-စသည်တို့ ဖြစ်ကုန်၏။

**အမှား ၂-ချက်ထောက်ပြသဖြင့်**

**၂-ထပ်သက်နှံးလှူ**

အရှင်အရိယဝံသသည် မဏိသာရမဉ္ဇူသာဋီကာကျမ်းကြီးရေးသားပြီးသမျှကို လပြည့်, လကွယ်, ရှစ်ရက်သီတင်း နေ့တိုင်း ပုညရှင်စေတီရင်ပြင် အများသံဃာရှေ့မှောက်တွင် ဖတ်ပြရလေသည်၊ ယင်းသို့ ဖတ်ချိန်တွင် ပုဂံမှဘုရားဖူးကြွလာသော ရဟန်းတော်တစ်ပါးလည်း စာနာပရိသတ်တွင် တည်ရှိနေ၏၊ ယင်းပုဂံရဟန်းတော်က ''ဧ ဧ''ဟု နှစ်ကြိမ်တိုင်အောင်ဆိုသည်နှင့် မေးလေရာ တစ်ချက်မှာ ဝါကျထပ်နေပြီး တစ်ချက်မှာ ''ဣမံ ဂန္ထံ'' ဟု စွဲရမည့်အစား ''ဣဒံ ဂန္ထံ''ဟု ဖြစ်နေသောကြောင့် ''ဧ ဧ''ဟူ၍ဆိုကြောင်း လျှောက်ထားလေ၏။

ထိုအခါ အရှင်အရိယဝံသက ''ငါ့ရှင် အမှားကိုထောက်ပြသည့်အတွက် များစွာ ဝမ်းမြောက်ပါသည်၊ ငါသည် ဤကျမ်းစာကို သာမန်နှင့်ပြုသည်မဟုတ်ပါ။ လူသံ နတ်သံစဲရာ ညဉ့်အခါ၌ ပရပိုက်ကို ဖွင့်၍ ရေးသားပါသည်၊ လူသံ နတ်သံကြားရာ နေ့အခါ၌ မရေးပဲ ပရပိုက်ကို အုပ်၍ထားပါသည်၊ သို့စဉ် အားထုတ်ပါသော်လည်း အမှားမကပ်ပဲ 'ဧ ဧ' ဟု ဆိုခြင်းခံရဘိ၏''ဟု ပြောဆိုလေရာ၊ ပုဂံဘုရားဖူးရဟန်းက ''အရှင်ဘုရား အရှင်ဘုရား၏ ကျမ်းစာသည် အပြစ်ဆိုဖွယ်ရာများ မရှိပါ၊ ကောင်းလှပါသည်၊ ပြည့်စုံလှပါသည်၊ ပုဂ္ဂိုလ် တစ်ဦးသည် ကျောက်ခဲလုံးငယ်များကို ဆုပ်၍ နံရံကိုပစ်သည်ရှိသော် တစ်ခုမကျန် တစ်လုံးမကျန် တိုက်နံရံကိုချည်း မှန်သကဲ့သို့ မိန့်ဆိုတိုင်းသော စကားဟူသမျှသည် ဆိုလိုရင်း အဓိပ္ပါယ်သို့ ချည်းရောက်ပါသည်၊ ဝါကျတစ်ချက်ထပ်, အစွဲတစ်ချက်ပျက်သည်ကိုသာ ပြင်ဆင် တော်မူပါ''ဟု လျှောက်ထားလေ၏။ ယင်းသို့ လျှောက်ထားလေရာ များစွာနှစ်သက်အားရ

www.dhammaransi.com



တော်မူသဖြင့် ကိုယ်တွင်းလွှမ်းလျက်ရှိသော ၂-ထပ်သင်္ကန်းကြီးကို

"ငါ့ရှင်- ငါ့ရှင်သည် ၂-ထပ်သင်္ကန်းကြီးကို အလှူခံပါ၊ ငါ့ရှင်ကား ငါ့အား ကျေးဇူးများလှချေ၏၊ ငါ၏ ပညာရှိမိတ်ဆွေကောင်းပီသပါပေသည်" ဟု ချီးမွမ်းစကားပြော ကြား၍ လှူဒါန်းလေသည်။ ငါ့ရှင် ငါကား သင်၏ ပညာဂုဏ်ကို ရည်၍ လှူဒါန်းခြင်းဖြစ်၏- ဟုလည်း မြွက်ဆိုလေ၏။

## ကျမ်းစုံ မွေနှောက် ရေးသားခဲ့

အရှင်အရိယဝံသသည် မဏိသာရမဉ္ဇူသာဋီကာကျမ်းကြီးကို အဘိဓမ္မပိဋကနှင့် သုတ္တန် ပိဋကတ်အလုံးကို 'ထုံးလိုချေ ရေလိုနှောက်ကာ' ချောက်ချား၍လည်းကောင်း၊ ဗျာကရဏ်း ကျမ်းဂန်အရပ်ရပ်ကို အထပ်ထပ်ကြည့်ရှု လေ့လာသုံးသပ် နှုတ်ရဆောင်၍လည်းကောင်း ရေးသားခဲ့လေသည်၊ ၄င်းပြင် မဟာဝံသ-၂ စသော သီဟိုဠ်သမိုင်းကျမ်း၊ အဘိဓာနပ္ပဒီပိကာ စသော ကောသကျမ်းတို့ကိုလည်း ချဉ်းနင်း၍ ရေးသားကြောင်းလည်း သိရလေသည်။

## ဘုရားအလောင်း သူတော်ကောင်းကြီး


ဖော်ပြခဲ့သော ဂုဏ်တော်အသီးသီးတို့နှင့် ပြည့်စုံတော်မူသော အရှင်အရိယဝံသသည် သမ္မာသမ္ဗောဓိဘုရားဆုပန် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။

## ပျံလွန်တော်မူပြီ

သက္ကရာဇ် ၈၈၈-ခုနှစ်တွင် အင်းဝမြို့၌ နန်းတက်သော ရှမ်းဘုရင် သိုဟန်ဘွားသည် သက္ကရာဇ် ၉၀၁-ခုနှစ် တောင်ဘီလူးလယ်ပြင်၌ မဏ္ဍပ်အဆောင်ဆောင် ဆောက်စေပြီးလျှင် ဆွမ်းလုပ်ကျွေးမည့်အဟန် စစ်ကိုင်း၊ ပင်းယ၊ အင်းဝပတ်လည်ရှိ သံဃာတော်တို့ကို ပင့်စေ၍ ဆင်မြင်းမိုလ်ပါဝန်းရံ၍ သတ်ဖြတ်လေ၏။ ရဟန်း ၁၃၀၀ ကျော် ပျံလွန်သည်ဟု သိရ၏။ ယင်း ၁၃၀၀-ကျော် ရဟန်းများအနက် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတတ်မြောက်သော ရဟန်း ၃၀-ကျော် ပါဝင်လေသည်။ အရှင်အရိယဝံသလည်း သိုဟန်ဘွား၏ ကြမ်းကြုတ်မှုတွင် ပျံလွန်သည်ဟု ဆိုကြကုန်၏။

www.dhammaransi.com

# မေတ္တာဖမိ မြဲစဉ်ရှိ



- အမိ အဖ
  သိကြသူတွေ၊ ရှိကြပေ၏။

- အမိ အဖ
  မသိကြသူများလှပဟူ၏။

- သိသူကကြည့်
  အမိ အဖ၊ စားကြစေချင်
  ဝတ်ရစေချင်၊ သဒ္ဓါလွင်နှင့်
  ကြည်လင်ချမ်းမြ၊ ကုသိုလ်ရဖို့
  မြင်ရ သာဓုခေါ်မိသည်။

- အမိ အဖ
  မသိကြသူ၊ ဆူဆူဆောင့်ဆောင့်
  တစ်အောင့်လေးမျှ၊ မကြည့်ကြချင်
  သူစိမ်းပြင်သို့၊ နားထင်သွေးရောက်
  စကားမောက်မာ၊ ဆက်ဆံပါလည်း

- နှစ်ဖြာ ဖ.မိ၊ မေတ္တာရှိဆဲ
  သည်းခံဆဲပင်၊ မုန်းမမြင်ပြီး
  မြဲစဉ် မေတ္တာပို့ဆဲကို ။ ။

မောင်သဲခေါင်

www.dhammaransi.com



# ချည်နှောင်ထိန်းချုပ်ခြင်း



စိတ်ထွေ လှုပ်ရှား၊ အမိုက်နွားသည်
ပစ်ထားပါက၊ ပြန့်ပြောလှသည့်
ဘဝတဏှာ၊ မြက်ခင်းလွှာတွင်
လိုရာ လောဘ၊ စိတ်ဒေါသနှင့်
မောဟနှင်ရာ၊ တေလေပါလိမ့်။


စိတ်မိုက်နွားဆိုး၊ သတိကြိုးဖြင့်
တုပ်ချိုးချည်နှောင်၊ မရုန်းအောင်လျှင်
လုပ်ဆောင်ပြုက၊ ဆိုးသွမ်းလှသည့်
ရာဂစိတ်ထွေ၊ နွားတေလေသည်
တိုင်ခြေနားမှ၊ ခွာမရဘဲ
ဓမ္မဇကန်၊ ဖြစ်ပျက်မှန်ဟု
ခန္ဓာဉာဏ်ရောက်၊ မဂ်ဖိုလ်ပေါက်လိမ့်။

အာရုံတစ်ခု၊ တိုင်ခြေပြုလျက်
ကြိုးဟုခေါ်ဘိ၊ မြတ်သတိဖြင့်
မြင်သိအောင်ရှု၊ ပွားများမှုသာ
နွားဟုသမုတ်၊ စိတ်အလှုပ်ကို
ထိန်းချုပ်ချည်နှောင်၊ နိဗ္ဗာန်သောင်သို့
ပို့ဆောင်နိုင်ရာ၊ ဘာဝနာတည်း။
ပဋ္ဌိပတ္တိ သာသနာတည်း။

ဖျာပုံတင်နိုင်ဝင်း

www.dhammaransi.com





# ဗြဟ္မစိုရ်တရားအမြဲဆောင်

- သာထွန်းပြန့်ဝေမွှအလင်း
  နေမင်းလမင်း သိန်းရာထောင်

- ကမ္ဘာတစ်လွှား
  ပြန့်ပွားထွန်းပြောင်

- ဗြဟ္မစိုရ်တရားအမြဲဆောင်
  ဤလူ့ဘောင်ချမ်းအေး

တစ်ယောက်လဲလျှင်ဖြင့်
လက်တွဲထူပါလို့
လူသားချင်းမေတ္တာဓါတ်ဖြင့်
ရစ်ပတ်နွေးထွေး။ ။

**မောင်သောင်း(ဆင်စွယ်)**

www.dhammaransi.com



# ဗုဒ္ဓဂီတိကာ

## မဃဝတ္ထု

ဗုဒ္ဓရှင်တော်မြတ်သည် ဝေသာလီပြည် ကူဋာဂါရကျောင်းတော်၌ နေတော်မူသောအခါ မဟာလိအမည်ရှိသော လိစ္ဆဝီမင်းသည် သိကြားမင်းဖြစ်ခြင်း၏ အကြောင်းတို့ကို မေးလျှောက်ရာတွင်.....

၁။ မိဘကိုလုပ်ကျွေးခြင်း၊

၂။ ကြီးသူတို့ကို ရိုသေလေးစားခြင်း၊

၃။ ပြေပြစ်သောစကားကို ဆိုခြင်း၊

၄။ ကုန်းတိုက်သော စကားကို ပယ်ခြင်း၊

၅။ သစ္စာကို ဆိုခြင်း၊

၆။ ဝန်တို နှမြောကင်းခြင်း၊

၇။ အမျက်ဒေါသကို နှိမ်နင်းခြင်း၊

ဤ သိကြားကျင့်ဝတ်တရားခုနစ်ပါးကို ဟောတော်မူပြီး၍ ``အပ္ပမာဒေန မဃဝါ'' စသော ဂါထာကို ဟောတော်မူ၏။

အပ္ပမာဒေန မဃဝါ၊
ဒေဝါနံ သေဋ္ဌတံ ဂတော။
အပ္ပမာဒံ ပသံသန္တိ၊
ပမာဒေါ ဂရဟိတော သဒါ။

မြန်မာကဗျာ

သိကြားနတ်မင်း မေ့ကင်းလို့သာ၊
နတ်တကာထက် မြတ်ထက်မြတ်တာ၊
မမေ့လုပ်ငန်း ချီးမွမ်းသြဘာ၊
မေ့လျော့စွဲ အမြဲကဲ့ရဲ့မှာ။

By earnestness Maghava, rose to the lordship of the gods. Earnestness is ever praised; carelessness is ever despised.

စကားပြေ။ ။ ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းကြောင့် သိကြားမင်းသည် နတ်တကာတို့ထက်မြတ်လျက် အကြီးအမှူးဖြစ်လာ၏၊ ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းကို ချီးမွမ်းအပ်၏။ မေ့လျော့ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့၏။

www.dhammaransi.com



ဗုဒ္ဓသာသနာနှင့် ပစ္စည်းလေးပါးရှင်တို့အတွက်

# ရဟန်းကောင်း ရဟန်းမြတ်တို့၏ တာဝန်

ဓမ္မဝိဇ္ဇ

## ရဟန်းတို့ သုံးဆောင်ခြင်း(၄)မျိုး

### ၁။ ထေယျပရိဘောဂ

ခိုး၍သုံးဆောင်ခြင်းနှင့်တူမှု၊

- သီလမရှိသောရဟန်းသည် သီလရှိယောင်ဆောင်၍ ပါရာဇိကကျပြီး ဒုဿီလရဟန်းသည် ပစ္စည်းလေးပါးကို သုံးဆောင်ကာ ခိုးယူသုံးဆောင်ခြင်းနှင့် တူပါသည်။

### ၂။ ဣဏပရိဘောဂ

ကြွေးမြီယူသုံးဆောင်ခြင်းနှင်တူမှု၊

- သီလရှိပြီး တရားသဖြင့် ရလာသောပစ္စည်းကို ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်ပါက သူတစ်ပါးကြွေးမြီကို ယူသုံးဆောင်ခြင်းနှင့် တူပါသည်။

### ၃။ ဒါယဇ္ဇပရိဘောဂ

အမွေခံအဖြစ်သုံးဆောင်မှု၊

- မိဘအမွေကို သားသမီးတို့ အမွေခံထိုက်ပြီး သုံးဆောင်သကဲ့သို့ ပုဒ္ဓခွင့်ပြုထားသော ပစ္စည်းလေးပါးကို အလှူခံအဖြစ် သုံးဆောင်ထိုက်သည်။

### ၄။ သာမိပရိဘောဂ

အရှင်သခင်ကဲ့သို့ သုံးဆောင်မှု၊

- တဏှာကျွန်မှ လွတ်ပြီးသောရဟန္တာတို့သည် ပစ္စည်းလေးပါးကို အရှင်သခင်ကဲ့သို့ သုံးဆောင်ထိုက်သည်။

- သာမန်ရဟန်းသည် ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်က ဒုက္ကဋ်အာပတ်သင့်ပါသည်။

## သီလစင်ကြယ်အောင် ပြုလုပ်နည်း(၄)နည်း

### ၁။ ဒေသနာသုဒ္ဓိ

- သင့်သော ပေါ့သော အာပတ်(လဟုကအာပတ်)ကို ဒေသနာကြား၍ စင်ကြယ်စေရမည်။

(ပါရာဇိကအာပတ်၊ လုံးဝကုစား၍ မရပါ။ သံဃာဒိသိသ်အာပတ်၊ သံဃာရှေ့မှာ ပရိဝါသ် ဆောက်တည်ရပါသည်။)

### ၂။ သံဝရသုဒ္ဓိ

- ဣန္ဒြေစောင့်စည်းမှု ပျက်သည်ကို တစ်ဖန်မပြုပြီးဟု အဓိဋ္ဌာန်ထား၍ စင်ကြယ်စေ

www.dhammaransi.com



ရမည်။

၃။ **ပရိယေဋ္ဌိသုဒ္ဓိ**

- ဝိနည်းတရားနှင့်အညီ ပစ္စည်းကို ရှာမှီးပြီး ပြန်လည်ကျင့်သုံးသဖြင့် စင်ကြယ်စေရမည်။

၄။ **ပစ္စဝေက္ခဏာသုဒ္ဓိ**

- ပစ္စည်းများကို ပစ္စဝေက္ခဏာ ဆင်ခြင်သဖြင့် စင်ကြယ်စေရမည်။

ရဟန်းဟူသမျှတို့သည် ဤသီလလေးပါးကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ပြီးလျှင် ကိလေသာ ချွတ်ကြောင်း ခေါင်းပါးစေသော ဓုတင်(၁၃)ပါးကို မိမိတတ်စွမ်းသရွေ့ ဆောက်တည်ကျင့်ရပါမည်။

**ရဟန်းတို့၏ အလုပ်(၆)မျိုး**

**ဘုရားသားတော်တို့၏ အလုပ်(၆)မျိုး**

၁။ **သမ္မသန်**

- ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ မမြဲဆင်းရဲ၊ အစိုးမရမှုကို သုံးသပ်ခြင်း။

၂။ **ယောနိသောမနသိကာရော**

- ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်တရား(၁၀)ပါးကို အမြဲနှလုံးသွင်း ဆင်ခြင်ခြင်း။

၃။ **သတိပဋ္ဌာနာနုပဿနာ**

- သတိပဋ္ဌာန်တရားလေးပါးကို အမြဲမပြတ်ဆင်ခြင်ပွားများနေခြင်း။

၄။ **အာရမ္မဏသာရက္ခာ**

- အာရုံကောင်းကို ဉာဏ်ဖြင့် ဆုပ်ကိုင်ထားခြင်း။

၅။ **ကိလေသယုဒ္ဓံ**

- ရာဂ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဆိုသော ကိလေသာတို့ကို ထိုးနှက်တိုက်ရခြင်း။

၆။ **သဒ္ဓမ္မနယုဒ္ဓန်**


- မိမိအကျိုးစီးပွားဟူသော မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ကို ရအောင်အားထုတ်ခြင်း။

''သဒ္ဓါယ တရတိ ဩဃံ၊ အာရဗ္ဘထ နိက္ကမထ ယုဉ္ဇထ ဗုဒ္ဓသာသနေ၊ သတော ဘိက္ခု ပရိဗ္ဗဇေ၊ သီလ ပရိဘာဝိတော သမာဓိ မဟပ္ဖလော မဟာနိသံသော၊ သမာဓိ ပရိဘာဝိတာ ပညာ၊ မဟပ္ဖလာ မဟာနိသံသာ၊ ပညာ ပရိဘာဝိတံ စိတ္တံ ဝိမုစ္စတိ။

ဓမ္မဝိရ

www.dhammaransi.com





# သောကမီးတွေ ငြိမ်းကြပါစေ

မောင်မောင် (လည်ဒေါက်ရွာ)

ကျွန်ုပ်တို့သန္တာန်တွင် ပူဆွေးခြင်း၊ ကြောင့်ကြခြင်းတည်းဟူသော သောကမီးတွေ စွဲဝင်လောင်မြိုက်ခြင်းကို ခံစားရလေတိုင်းပင် ကြည်လင်အေးချမ်းလန်းဆန်းနေသော စိတ်အစဉ်သည် ရေဝေးကြာပမာ ညှိုးခွေနွမ်းလျ သွားရလေတော့သည်။ ဤအခါမျိုးတွင် 'စိတ်ထောင်းလျှင် ကိုယ်ကျေသည်' ဆိုစကားနှင့်အညီ ကိုယ်ခန္ဓာအတ္တဘောသည်လည်း ညှိုးခွေနွမ်းလျ ပင်ပန်းရတော့သည်။ သောကမီးသည်ကား ကောင်းကျိုးမပေး မူးယစ်ဆေးထက်ပင် ခံစားချက်ပြင်းထန် ဆိုးရွားလှပါသည်။

ကျွန်ုပ်တို့သန္တာန်၌ သောကမီးတွေ စွဲငြိလောင်မြိုက်စေရန်အတွက် ရှစ်ပါးသော လောကဓံတရားများကလည်း သိပ်သည်းစွာ ပိတ်ဆည်းကာနေပါသည်။ ယင်းတို့ကို မြန်မာလိုအားဖြင့် 'လာဘ်ရခြင်း၊ မရခြင်း၊ အခြွေအရံပေါများခြင်း၊ နည်းပါးခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း' တို့ ဖြစ်ကြပါသည်။

'လူတို့နေရာ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်၊ တဏှာစေရာ မနေသာ မွေ့ရာဆက်ရသည်' ဟူသော ဓမ္မလင်္ကာအတိုင်းပင် ကာမဂုဏ်အာရုံအပေါ်၌ ယိုစီးလာသော တဏှာ၏ စေခိုင်းမှုအရ မိမိတို့လိုအင်ဆန္ဒ မပြည့်ဝလျှင် ပူဆွေးခြင်း၊ ကြောင့်ကြခြင်းဟူသော သောကမီးလျှံများ စွဲဝင်လောင်မြိုက်လာတော့သည်။ ဤအခါမျိုး၌ 'ရောင့်ရဲခြင်း၊ တင်းတိမ်ခြင်း (လောဘအပိုအလိုမရှိခြင်း)စသည့် ဓမ္မရေစင်ဖြင့် ငြိမ်းသတ်နိုင်မှသာ သောကမီးများ ငြိမ်းသွားနိုင်ပါမည်။

www.dhammaransi.com



ဗုဒ္ဓဝါဒအလိုအားဖြင့် အရာခပ်သိမ်းသည် အကြောင်းတရားရှိ၍သာ အကျိုးတရားပေါ်ထွန်းလာခြင်းဖြစ်သည်။ ဘုရားရှင်ဟောတော်မူခဲ့သော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အကျဉ်းကို ရေးသားဖော်ပြပါမည်။

ဣမသ္မိံ သတိ ဣဒံ ဟောတိ- ဤအကြောင်းရှိသော် ထိုအကျိုးရှိ၏ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ- ထိုအကြောင်းဖြစ်ပေါ်ခြင်းကြောင့် ထိုအကျိုးဖြစ်ပေါ်၏။ ဣမသ္မိံ အသတိ ဣဒံ န ဟောတိ- ဤအကြောင်းမရှိသော် ထိုအကျိုးမရှိ၊ ဣမဿ နိရောဓ ဣဒံ နိရုဇ္ဈတိ- ဤအကြောင်းချုပ်ခြင်းကြောင့် ထိုအကျိုးချုပ်၏ ဟူ၍ ဟောတော်မူပါ၏။

ဤသို့ဖြင့်- ကျွန်ုပ်တို့သန္တာန်၌ သောကမီးများ စွဲငြိလောင်မြိုက်လာရခြင်း၏ အကြောင်းရင်းကို ဒေသနာတော်က အသေအချာ ဖော်ပြပါသည်၊ ယင်းအကြောင်းရင်းများကား ၁၊ သောကဖြစ်ထွန်း ပေါ်ပေါက်စရာအာရုံ (ရုပ်တရား)၊ ၂၊ ၄င်း အာရုံ(ရုပ်တရား)ကို သိနေသောစိတ်(ဝိညာဏ်)၊ ၃၊ စေတသိက်တည်းဟူသော သောက(နာမ်တရား)တို့ ဖြစ်ပါသည်။ ဖော်ပြပါသုံးခုကို တစ်သီးတစ်ခြားစီထားပါက သောကမီးများ ဖြစ်ပေါ်တောက်လောင် လောင်မြိုက်နိုင်ခြင်း မရှိပါ။

ဘုရားရှင်အား-'အရှင်ဘုရား၏ တပည့်ရဟန်းများသည် ရိုးရိုးအေးအေး နေထိုင်ကြပြီး တစ်နေ့လျှင် တစ်ကြိမ်သာ သုံးဆောင်ကြပါသော်လည်း ဘာကြောင့် ကြည်လင်ရွှင်လန်းကြပါသလဲ'ဟု မေးမြန်းရာ ဘုရားရှင်က- 'ငါ၏တပည့်ရဟန်းများသည် အတိတ်ကိုပြန်တွေးကာ နောင်တမဖြစ်၊ အနာဂါတ်ကို မျှော်မှန်း၍လည်း ပူပင်သောကမရောက်၊ ပစ္စုပ္ပန်တည့်တည့် မျက်မှောက်တွင်သာ နေထိုင်ကြ၍ ကြည်လင်ရွှင်လန်းကြသည်'ဟု ဖြေတော်မူပါ၏။

ကျွန်ုပ်တို့အနေဖြင့် သောကမီးအန္တရာယ်ကို အမှန်တကယ်ပင် ကင်းစင်လိုပါက အတိတ်ကို ပြန်မတွေး၊ အနာဂါတ်ကို ကြိုမမျှော်မှန်း ပစ္စုပ္ပန်တည့်တည့် မျက်မှောက်တွင်သာ ဘုရားဟောဒေသနာတော်နှင့် ညီညွတ်စွာ ပြုမူပြောဆို ကြံစည်နိုင်မည်ဆိုပါက သောကကင်းစင်စိတ်ကြည်လင်နိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောတော်မူခဲ့သော ဟောစဉ်တစ်ခုတွင် 'မိမိတို့သန္တာန်မှာ ပေါ်လာသမျှ အာရုံတို့ကို ဖြစ်,ပျက်သာ ရှုပေးပါ၊ ဖြစ်,ပျက်က အနိစ္စ၊ သိတာက မဂ္ဂပါ၊ ဤသို့ ကိလေသာ ကြားမခိုစေဘဲ အဆက်မပြတ် ရှုမှတ်ပေးလျှင် တဏှာ, ဥပါဒါန်, ကမ္မဘဝစသည့် အနာဂါတ်အကျိုးများ မပေါ်လာတော့ဘူး'ဟူ၍ နာကြားဖတ်ရှုခဲ့ဖူးပါ၏။

www.dhammaransi.com



သောကမီးများ ငြိစွဲလောင်မြိုက်လာရခြင်း၏ အကြောင်းရင်းသုံးခုကို ဆောင်းပါးတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းအကြောင်းရင်းသုံးခုတွင် ပထမဦးဆုံး နံပါတ်တစ်သည် အာရုံ(ရုပ်တရား)ဖြစ်သည်ကို ဖတ်ရှုသိရှိပြီးလည်း ဖြစ်ပါသည်။ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဖော်ပြပါဟောစဉ်တွင် "မိမိတို့သန္တာန်မှာ ပေါ်လာသမျှ အာရုံတို့ကို ဖြစ်၊ပျက်သာ ရှုပေးပါ"ဟု ပါရှိပါသည်။ အာရုံကို ဖြစ်၊ ပျက်သာရှုပေးပါလျှင် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟူသော အနာဂါတ်အကျိုးတွေ ပေါ်မလာလေမှတော့ ကျွန်ုပ်တို့၏ သန္တာန်တွင် "သောက"မီးတွေကား လားလားမှ တောက်လောင်မလာနိုင်တော့ကြောင်း သတိကပ်သိအပ်လှပါသည်။

ဘုရားဟော မင်္ဂလသုတ်တော်တွင် - "ဖုဋ္ဌဿ လောက ဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ ဧတံ မင်္ဂလ မုတ္တမံ။ လောကဓံတရားနှင့်တွေ့ကြုံသောအခါ စိတ်မတုန်လှုပ်ခြင်း၊ မစိုးရိမ်မပူဆွေးခြင်း၊ ရာဂစသောမြူ မရှိခြင်း၊ ဘေးမရှိခြင်း၊ ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာ မည်ပေ၏"ဟူ၍ အနက်အဓိပ္ပါယ် ဖော်ဆောင်ပါသည်။

ကျွန်ုပ်တို့သည် လောကဓံတရားများနှင့် တွေ့ကြုံသည့်အခါ မင်္ဂလာတရားနှင့်လျော်ညီစွာ သတိ(ဂရုစိုက်မှု)၊ သမ္ပဇဉ်(ဉာဏ်ယှဉ်ဆင်ခြင်မှု)တို့ဖြင့် နေထိုင်နိုင်လျှင် "သောကမီး"များသည် စွဲငြိတောက်လောင် လောင်မြိုက်နိုင်စွမ်းရှိတော့မည်မဟုတ်ပါ။

ဤနေရာတွင် ကျွန်ုပ်နှင့်တစ်ရွာတည်းနေထိုင်ကြသော၊ ကျွန်ုပ်အား ဘာသာရေးဗဟုသုတလည်း ထာဝစဉ် ရှင်းလင်းပြောပြပေးနေသော ဆရာကြီး ဦးသိန်းရှန်က လောကဓံတရားနှင့်ပတ်သက်၍ ရှင်းလင်းပြောပြပြီးနောက် လင်္ကာတစ်ပုဒ်ကိုပါ ရွတ်ဆိုပြသွားပါသည်။

"ဆင်းရဲ၊ ချမ်းသာသဘာဝ၊ တွေ့ကြုံနေကြလူတိုင်းသည် ကောင်း၊ဆိုးနှစ်တန် အတူတူတွဲလို့၊ တစ်လဲစီလဲ အမြဲနေ လောကဓံကြုံ မဖြုံတမ်းကွဲ့ မတုန်စမ်းနဲ့ စိတ်ခိုင်လေ သောကကိုထိန်း ရှမ္မက်ငြိမ်း အေးငြိမ်းချမ်းသာစေ"

ဆရာကြီးက အားပါးတရ ရွတ်ဆိုပြပြီးနောက် ထွက်ခွာသွားပါသည်။

ကျွန်ုပ်တို့သန္တာန်တွင် ရံဖန်ရံခါ စွဲဝင်တွယ်ငြိ စိတ်ဖိစီးမှုကို ပေးလေ့ရှိသော "သောကမီးတွေ ငြိမ်းစေလိုသည့် ဆန္ဒမွန်ဖြင့် ကျွန်ုပ် ဖတ်ရှု၊နာကြားမှတ်သားထားသမျှ အနက် အချို့ကို ရေးသားဖော်ပြ ဓမ္မလက်ဆောင်ပေးဝေလိုက်ရပါသည်။

မောင်မောင်(လည်ငေါက်ရွာ)

www.dhammaransi.com

# သာသနာပြုသူတို့၏ ဘဝမှတ်တမ်းများ (၃)

သန်းရွှေပိုင် (တမူး)

မိုင်းယုသာသနာပြုဆရာတော်သည် ရှမ်းကျောင်း၌ ခိုကပ်သီတင်းသုံးနေထိုင်ရင်း မိုင်းယုသာသနာပြုကျောင်းလေဒဏ်ကြောင့် ကျောင်းမရှိသော်လည်း ရှိသည့်မြေနေရာအား ခြံစည်းရိုးပတ်ပတ်လည်တစ်လျှောက် သရက်၊ ပိန္နဲ၊ ငှက်ပျော စသည့်နှစ်ရှည်စားပင် သီးပင်များ စိုက်ပျိုးခြင်းတို့ကြောင့် ယနေ့အချိန်ကျောင်းဝန်းခြံစည်းရိုးပတ်ပတ်လည်၌ စားပင်သီးပင်များဖြင့် ပြည့်စုံလျက်ရှိ၏။

မိုင်းယုဆရာတော်သည် ကျောင်းဆောင်မိုးဒဏ် လေဒဏ်ကြောင့် ပျက်စီးသွားသဖြင့် ကျောင်းဆောင်ဆောက်ရန်လိုအပ်လျက်ရှိရာ မိုင်းယုရွာနှင့် ၁၇-မိုင်ခန့်ဝေးသည့် မိုင်းယောင်းမြို့ သာသနာပြုဗဟိုဆရာတော်၏ နှီးဆော်တိုက်တွန်းမှု ဒေသခံများနှင့် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ကျောင်းဆောင်တစ်ဆောင် ဖြစ်မြောက်လာခဲ့သည်။

မိုင်းယုသာသနာပြုဆရာတော် သီတင်းသုံးရန် ကျောင်းဆောင်မှာ (၃၀×၂၀)နံကပ် ၁ထပ်ကျက်သရေခန်းနှင့်ဘုရားခန်း သီးသန့်ကျောင်းဆောင်ကို ရေ့တန်းတပ်ရင်းမှူးများအလှူရှင်များ၏ လှူဒါန်းမှုကြောင့် သီတင်းသုံးနိုင်ရန် ကျောင်းဆောင်ဖြစ်ပေါ်လာ၏။ ဆရာတော်သည် မိုင်းယုရှမ်းကျောင်း၌ သွားရောက်သီတင်းသုံးစဉ် ရှမ်းရဟန်းသာမဏေများကို ပညာသင်ကြားပေးသည့် သတင်းတစ်နယ်လုံးသို့ ပြန့်နှံ့သွား၏။

ယင်းကြောင့် အထူးဒေသလေးရှိ ရှမ်းကျောင်းများမှ ရဟန်းသာမဏေများ ဗမာစကား၊ ဗမာစာတတ်ရန် လာရောက်အပ်နှံကြ၏။ ဆရာတော် ဆွမ်းကွမ်းရှားပါး၏။ ငါးပါးခြောက်ပါးခန့်သာ လက်ခံနိုင်ပြီး ဒီထက်များလာပါက မိုင်းယောင်းဗဟိုသာသနာပြုကျောင်းသို့သွားရောက်အပ်နှံရန် လမ်းညွှန်ပေးခြင်း၊ ကိုယ်တိုင်သွားရောက်အပ်နှံပေးခြင်းများ ဆောင်ရွက်လျက်ရှိ၏။

နေ့စဉ် ဆွမ်းပို့သူမရှိပါက ဆွမ်းခံ၍လည်း မရပါ။ ဆွမ်းကို ကိုယ်တိုင်ဆွမ်းချက်၍ ဆွမ်းဘုန်းပေး၏။ ဆရာတော်သည် မိမိဇာတိမှတူသားနှစ်ဦးခန့်ကို ဆွမ်းချက်ဝေယျာဝစ္စလုပ်ပေးနိုင်ရန် ခေါ်ဆောင်ထားရ၏။ ကော်ဆမ်မိန်းရွာဗုဒ္ဓအဆုံးအမခံယူပြီးချိန်မှစ၍ ဆရာတော်သည် ယင်းကျေးရွာအကြောင်းကြီးငယ်ကိစ္စရှိက သွား

www.dhammaransi.com



ရောက်ကူညီပေးခြင်း မိုင်းယုဌ်အလယ်တန်းရှိ၍ ကော်ဆမ်မိန်းရွာလေးတန်းအောင်ပြီး ကလေးငယ်များအား မိုင်းယုသာသနာပြုကျောင်းသို့ ခေါ်ဆောင်၍ ကျောင်းထားပေးခြင်းတို့ဖြင့် သာသနာပြုလျက်ရှိသည်။

ဆရာတော်သည် ကျောင်းသားကလေးငယ်များအား ကျောင်းထားပေးသည့်အခါ စားဝတ်နေရေးကိစ္စကို ဆရာတော်မှသာ အားလုံးစီစဉ်ဆောင်ရွက်ပေး၏။ ဆရာတော်သည် တခါတရံဆွမ်းနပ်မမှန်သည်များရှိခဲ့၏။ ဆန်မရှိ၍ ဆွမ်းဆန်ဝယ်၍ ဆွမ်းချက်ရ၏။ ဆရာတော်ကိုယ်တိုင်ဆွမ်းအငတ်ခံသော်လည်း လာရောက်နေထိုင်သော ဒေသခံကလေးငယ်ကျောင်းသား၊ သာမဏေငယ်များကို ဆွမ်းကွမ်းကို ကြိုတင်စုဆောင်းစီစဉ်ဆောင်ရွက်ပေးထား၏။ မိုင်းယုဆရာတော်သည် မြန်မာပြည်အရှေ့ဖျားရှိ မိုင်းယုကျေးရွာသာသနာပြုကျောင်းသို့ သာသနာပြုကြွရောက်စဉ်ကဖြစ်၏။ ဒုက္ခအခက်အခဲများကို အဖော်ပြုအန်တုဖြေရှင်းလျက် သာသနာပြုခဲ့ခြင်းအစ ဖြစ်ရပ်မှန်များဖြစ်ပါသည်။

**ကော်ဆမ်မိန်းရွာနှင့်ဗုဒ္ဓဘာသာ**

ကော်ဆမ်မိန်းရွာမှ ထွက်လာရာ နေ့လည် ၂နာရီခန့်တွင် မိုင်းယုကျောင်းသို့ရောက်၏။ မိုင်းယုဆရာတော်ထံ ရောက်ရှိပြီး ဆရာတော်၏ သာသနာပြုဘဝအစတွေ့ကြုံရသည့်အခက်အခဲများ မေးမြန်းလျှောက်ထားပြီးနောက် ကော်ဆမ်မိန်းရွာ၌ သာသနာပြုဌာနတိုးချဲ့ဖွင့်လှစ်နိုင်ရေး အခြေအနေ မေးမြန်းလျှောက်ထားခဲ့၏။

ကော်ဆမ်မိန်းရွာမှ ကလေးငယ် ၁၀-ဦးခန့်ကို ကျောင်းမှာအိပ်၊ ကျောင်းမှာစားပြီး လောကီအတန်းကျောင်းများသို့ ကျောင်းသား (၁၀)ဦးခန့် ပညာသင်ကြားပေးလျက်ရှိ၏။ ကော်ဆမ်မိန်းရွာ၌ သာသနာပြုဌာနဖွင့်လှစ်နိုင်ရေးကိစ္စ လျှောက်ထားရာတွင် ယခင်ဗုဒ္ဓအဆုံးအမခံယူပြီးစချိန်၌ ဗုဒ္ဓအဆုံးအမခံယူသည့် မိသားစု ၂၀-ဦးတို့အား ယင်းကျေးရွာရှိ အခြားဘာသာရေးအဖွဲ့များမှ ဗုဒ္ဓဘာသာထဲဝင်သည့်အတွက် ကျေးရွာ၌ နေထိုင်ခြင်းမပြုရန် မောင်းထုတ်၏။

လူမျိုးတူသော်လည်း စိုက်ခင်း၊ တောင်ယာများ ဖျက်ဆီးခြင်း၊ အခြားလူမှုရေးပြဿနာရှာခြင်းများရှိခဲ့၏။ ယင်းအခက်အခဲများကို မိုင်းယောင်းမြို့ပေါ်ရှိ ဗုဒ္ဓဘာသာတာဝန်ရှိသူများမှ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကို တင်ပြသွားရောက်ဖြေရှင်းပေးမှ ငြိမ်းအေးသွားခဲ့သည်ဟု သိရှိရသည်။ မိုင်းယောင်းဆရာတော်သည်လည်း ယင်းကျေးရွာမှကလေးငယ်များကို

**စာမျက်နှာ(၆၀)သို့**

www.dhammaransi.com



စိတ်ရှည်ဇွဲသန် သည်းညည်းခံ

# ပြုရန်သာသနာ

ဖျာပုံသိန်းသန်းအောင်

ခရစ်မပေါ်မီ ၅၈၉-ခုနှစ်အချိန်တွင် မြတ်စွာဘုရားရှင်ပွင့်တော်မူခဲ့ပါသည်။ ထိုသို့ မြတ်စွာဘုရားရှင်ပွင့်တော်မူစဉ်အချိန်က သက်တော်(၃၅)နှစ်အရွယ်ဖြစ်သည်။ ထိုအချိန်ကာလမှစ၍ မြတ်စွာဘုရားရှင်သည် ပူပန်ခြင်း၊ နွမ်းနယ်ခြင်းမရှိစေဘဲ (၄၅)ဝါတော်ကာလပတ်လုံး ဝေနေယျသတ္တဝါအားလုံးတို့အပေါ် အကျိုးတရားများဖြစ်ထွန်းစေရန် မြတ်တရားတော်တို့ကို လုံ့လ၊ ဝီရိယကြီးစွာဖြင့် မနေမနား ဟောကြားတော်မူသည်။

"ချစ်သား အာနန္ဒာ…၊ ငါဘုရားဟောကြားထားသော ဓမ္မဝိနယလို့ခေါ်တဲ့၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်သည် ငါဘုရားပရိနိဗ္ဗာန်စံတော်မူတဲ့အခါ သင်တို့ရဲ့ဆရာဖြစ်တယ်"

မြတ်စွာဘုရားရှင် မိန့်တော်မူခဲ့သောကြောင့် "ဓမ္မဝိနယ"ဟုခေါ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်သည် တည်တံ့ခိုင်မြဲစွာရှိနေသမျှ ကာလပတ်လုံး မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိနေသည်ဟု မှတ်သားကြရပေမည်။

မြတ်စွာဘုရားရှင်၏ "သာသနာ" ဟူသည်မှာ အဆုံးအမဖြစ်သည်။ တဖန် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်တို့ဖြစ်သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ တည်နေသမျှကာလပတ်လုံး မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိနေသကဲ့သို့ သာသနာတော်လည်း တည်ရှိနေမည်သာဖြစ်သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ ကွယ်ပျောက်သွားမည်ဆိုပါက မြတ်စွာဘုရားရှင်ကွယ်ပျောက်သကဲ့သို့ သာသနာတည်းဟူသော အဆုံးအမများလည်း ကွယ်ပျောက်မည်ဖြစ်သည်။ မြတ်စွာဘုရားရှင်သာသနာကွယ်ပျောက်ခြင်းသည် ဤဘဒ္ဒကမ္ဘာကြီးတစ်ခုလုံး ကွယ်ပျောက်လျက်

www.dhammaransi.com



အမှောင်ထုကြီးအုပ်ဖုံးလွှမ်းမိုးခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မြတ်စွာဘုရား၏တပည့်တော် သာဝကရဟန်းသံဃာတော်တို့သည် ''ဓမ္မ ဝိနယ''ဟုခေါ်သော သုတ်၊ ဝိနည်း၊ အဘိ ဓမ္မာတရားတော်များကို ပျောက်ပျက်မသွား စေရန်ကြိုးစားစောင့်ရှောက်တော်မူခဲ့သည်။

ထိုသို့မြတ်စွာဘုရားရှင်၏ ဓမ္မဝိနယတရား တော်များ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့် ရှောက်ကြရာတွင် ခေတ်အဆက်ဆက်မှာပင် သာသနာနှင့်ဆန့်ကျင်ဘက်အရာများပေါ်လာ တတ်သော်ငြားလည်း တပည့်သားကောင်း ရဟန်းသံဃာတော်များသည် ''စိတ်ရှည်ဖွဲ့သန် သည်းညည်းခံပြုရန်သာသနာ''ဆိုသည့်အတိုင်း ကြုံလာသမျှအရာအားလုံးကို ရဲရဲဝံ့ဝံ့ဆောင်ရွက် သာသနာပြုတော်မူခဲ့သဖြင့် ယနေ့ထိတိုင် သာသနာတော်ကြီးနေဝန်း၊ လဝန်းသဖွယ် ထွန်းလင်းတောက်ပ တည်တံ့နေသည်။

ထို့ပြင် မြတ်စွာဘုရားရှင်၏ အဆုံးအမ ''ဓမ္မဝိနယ''တရားတော်များ အရှည်တည်တံ့ ခိုင်မြဲစေရန် တပည့်သာဝကရဟန်းသံဃာတော် များသည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့် ပွားရေးအတွက် သံဂါယနာ အသီးသီးတို့ကို တင်တော်မူခဲ့ကြသည်။

သာသနာတော်နှစ်(၁) ခရစ်တော်မပေါ်မီ ၅၄၄-ဘီစီ) မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်ပြုတော် မူပြီးနောက် (၃)လအချိန်တွင် ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူမဏ္ဍပ်တော် တွင် အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင် အာနန္ဒာအမှူးပြုသော ရဟန္တာမဟာထေရ်ကြီး အပါး (၅၀၀)တို့က သံဂါယနာတင်တော်မူ ခဲ့သည်။

တဖန် သာသနာတော်နှစ် (၁၀၀) (ခရစ်တော် မပေါ်မီ ၄၄၃-ဘီစီ)တွင် ဝေသာလီပြည်ဝါဠု ကာရာမကျောင်းတိုက်၌ အရှင်ယသ၊ အရှင်သဗ္ဗကာမိ၊ အရှင်ရေဝတ အမှူးပြုသော ရဟန္တာ မဟာထေရ်ကြီးအပါး (၇၀၀)တို့က ဒုတိယသံဂါယနာတင်တော်မူသည်။

ထို့နောက် သာသနာတော်နှစ်(၂၃၅) (ခရစ်တော်မပေါ်မီ ၃၀၈-ဘီစီ)တွင် ပါဋလိ ပုတ်ပြည် အသောကာရုံကျောင်းတိုက်၌ အရှင် မဟာမောဂ္ဂလိပုတ္တတိဿ၊ အရှင်မဇ္ဈန္တိက၊ အရှင်မဟာဒေဝအမှူးပြုသော ရဟန္တာမဟာ ထေရ်ကြီးအပါး(၁၀၀)တို့က တတိယအကြိမ် မြောက်သံဂါယနာတင်တော်မူပြန်သည်။


သာသနာတော်နှစ်(၄၅၀) (ခရစ်တော်မပေါ်မီ ၉၄-ဘီစီ)တွင် သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံ မလယဇနပုဒ်၊ အာလောကလိုဏ်ဂူ၌ အရှင်မဟာဓမ္မရက္ခိတ အမှူးပြုသော ရဟန္တာမထေရ်ကြီးအပါး(၅၀၀)တို့က ပေရွက်တွင် အက္ခရာတင်လျက် စတုတ္ထအကြိမ်မြောက် သံဂါယနာတင်တော်မူပြန်သည်။

သာသနာတော်နှစ် (၂၄၁၅) (ခရစ်နှစ်-၁၈၇၁)၊ မြန်မာသက္ကရာဇ် ၁၂၃၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့တွင် မြန်မာနိုင်ငံမန္တလေးမြို့ (ရတနာပုံနေပြည်တော်)၌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော် တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်အမှူးပြုသော သံဃာတော်အပါး(၂၄၀၀)တို့က ကျောက်ထက်အက္ခရာတင်ကာ ပဉ္စမအကြိမ်မြောက် သံဂါယနာတင်တော်မူပြန်သည်။

သာသနာတော်နှစ် (၂၄၉၈) (ခရစ်နှစ်-၁၉၅၄)၊ မြန်မာသက္ကရာဇ်- ၁၃၁၆)ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ညောင်ရမ်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတ၊ မဟာစည်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏ(ပုစ္ဆက) မင်းကွန်းဆရာတော်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ(ဝိသဇ္ဇက) စသော ထေရဝါဒ(၅)နိုင်ငံမှ ရဟန်းတော်(၂၅၀၀)တို့က ဆဋ္ဌသံဂါယနာတို့ကို တင်တော်မူခဲ့ကြသည်။

ထို့ကြောင့် ခေတ်အဆက်ဆက်မှ မြတ်စွာဘုရားရှင်၏ တပည့်ရဟန်းသံဃာတော်များသည် ဓမ္မဝိနယတရားမြတ် သာသနာတော်ကြီး မကွယ်ပျောက်စေရန် စိတ်ရှည်ရှည်ဇွဲသန်သန်ဖြင့် ထိန်းသိမ်းတော်မူနိုင်သဖြင့် ယနေ့ထိတိုင် မြတ်သာသနာတည်တံ့လျက်ရှိကြောင်း ရေးသား ပူဇော်ပါပေသတည်း။

ဖျာပုံ-သိန်းသန်းအောင်



www.dhammaransi.com



# နာဂစ်အတွက် ပြင်ဆင်စရာတစ်ခု

နိုင်ကြည်မြင့်
သာသနဓဇဓမ္မာစရိယ

နာဂစ်မုန်တိုင်း မြန်မာနိုင်ငံကိုလာနေပြီ၊ သတိထားပါ၊ ပြင်ဆင်ထားကြပါလို့ နိုင်ငံခြားမှ ဖုန်းခဏခဏဝင်နေသည်၊ ပြည်ပရှိ မြန်မာနိုင်ငံသားများ စိုးရိမ်လို့ ဖုန်းဖြင့်ကြိုတင်အကြောင်းကြားနေကြခြင်းဖြစ်သည်။

ဒါပေမဲ့ ကြားရသူများက လေးလေးနက်နက် သဘောမထားကြပါ။ ဘာကြောင့်လဲဆိုတော့ မတွေ့ကြုံဘူးတော့ အန္တရာယ်ကို ကြောက်ရမှန်းမသိပါ။ စာရေးသူရုံးဆင်းလို့ အိမ်ရောက်တော့ ပတ်ဝန်းကျင်တွေကို ပြောပြသည်။ နာဂစ်မုန်တိုင်းလာနေပြီ၊ မကြာမီရောက်တော့မယ်၊ ပြင်ဆင်ထားကြပါ။ အကြောင်းကြားပေးသည်။ ကြားရသူတွေက မယုံကြည်ကြ ပြောသူကိုပင် ရယ်မော လှောင်ပြောင်ကြသည်။

ညအချိန်ရောက်တော့ စာရေးသူတို့ တောင်ဥက္ကလာ ၄-ရပ်ကွက်သို့ နာဂစ်က ရောက်လာပါပြီ။ အိမ်မိုးသွပ်တွေ စက္ကူလွင့်သလို လွင့်ပါနေတာ တွေ့မြင်ရပြီ။ စာရေးသူတို့ အိမ်ကပ်လျက်ရှိသည့် အိမ်က အမိုးတွေ မရှိတော့ဘူး။ အိမ်သာလဲ အမိုးမရှိတော့ဘူး။ ညအချိန်ဖြစ်နေလို့ ဘေးကပ်အိမ်ကို လက်နှိပ်မီးထိုးကြည့်တော့ မိသားစု ၃-ဦးထီးမိုးပြီး ကိုင်နေကြသည်။ မိုးကလဲ ရွာတော့ သူတို့ဒုက္ခရောက်နေကြသည်။

အိမ်ကိုလာဖို့ ဖိတ်ခေါ်တော့မှ အိမ်မှာလာနေကြသည်။ စာရေးသူတို့အိမ်က သွပ်တစ်ချပ်မှ မလန်ပါ။ နာဂစ်ငြိမ်သွားတော့ လူတွေက ဘယ်သူ့အိမ်တွေ ဘာတွေဖြစ်သလဲ သိချင်လို့ လိုက်ကြည့်တဲ့အခါ စာရေးသူတို့ အိမ်ဘာမှမဖြစ်တော့ အံ့သြကြသည်။ နာဂစ်မဖြစ်ခင်က လူတွေက အောက်မှာ မြေပေါ်မှာ နေထိုင်ကြသည်။ နာဂစ်ဖြစ်ပြီးတော့ အိမ်အမိုးမရှိလို့ အမိုးတွေကို ပြုပြင်သည့်အတွက် အိမ်အမိုးပေါ်ရှိလူတွေကို မြင်ရသည်။ အိမ်တိုင်းလိုလိုမှာ အမိုးပေါ်မှာ လူတွေ လှုပ်လှုပ်ရွရွလုပ်နေကြတာတွေ့မြင်ရတော့ မပြုံးဘဲနဲ့ ဝါးလုံးကွဲနဲ့ ရယ်ရတော့မလို ဖြစ်နေသည်။

စာရေးသူတို့အိမ်ကို နာဂစ်မဖျက်ဆီးနိုင်တာ အကြောင်းရှိသည်။ ဟိုးလွန်လေပြီးသောနှစ်ပေါင်းလေးဆယ်ကျော်လောက်က စာရေးသူ ၁၄-နှစ်အရွယ် အလွန်အင်အားကောင်းသောလေဆင်နှာမောင်းတစ်ခုအရှိန်အဟုန်ပြင်းထန်စွာ တိုက်ခတ်လာနေသည်ကို မျက်ပါးထင်ထင် တွေ့မြင်နေရသည်။

www.dhammaransi.com



ဒီအချိန်မှာ ဆရာတော်ကြီးတစ်ပါးက စာရေးသူအနီးတွင် မတ်တပ်ရပ်ပြီး လေဆင်နှာမောင်းကိုကြည့်နေသည်။ ဆရာတော်ကား ဂျုံးဂျုံးကျတောရကျောင်းတိုက်၏ ဒုတိယမြောက် ဆရာတော်ဖြစ်သည်။ လေဆင်နှာမောင်းကား တဖြေးဖြေးနီးကပ်လာပေပြီ။ လေဆင်နှာမောင်းသည် အရပ်ဒေသအခေါ် ဘင်္ဂလားဝါးရုံတွေကို တစ်ရုံပြီးတစ်ရုံ အမြစ်ပါမကျန် တွန်းလှန်ခဲ့သည်။ ဘင်္ဂလားဝါးသည် ဝါးဘိုး ဝါးအငယ် စားလောက်ရှိသည်။

လေးရုံငါးရုံလောက်လှန်ပြီး ယင်ကျောင်းတိုက်သို့ဝင်ရန် အဆင်သင့်ဖြစ်နေပေပြီ။ ဆရာတော်ကြီး ဦးကဝိန္ဒသည် လေဆင်နှာမောင်းကို လက်ညှိုးထိုးပြီး အောက်ပါဂါထာကို ရွတ်ဆို၍ လေပြင်းမုန်တိုင်းကို မြောက်ဘက်သို့ ဖယ်ထုတ်နေသည်။ ဖယ်ထုတ်သည့်အတိုင်းဘဲ လေပြင်းမုန်တိုင်း လေဆင်နှာမောင်းသည် ဆရာတော်၏ လက်ညှိုးညွှန်သည့်အတိုင်း ကျောင်းတိုက်သို့ ရှေ့ရှုခြင်းမရှိတော့ဘဲ မြောက်ဘက်သို့ ဆင်ကြီးတစ်ကောင်လှည့်ပြေးသွားသလို မြင်နေရသည့် အလွန်အံ့သြဘွယ်ကောင်းလှပါသည်-

ဥပဂုတ္တော မဟိဒ္ဓိကော၊
ယံ ယံ ဥပဒ္ဒဝံ ဇာတံ
ဝိနာသန္တု အသေသတော။ ။

စာရေးသူသည် နည်းကောင်းတစ်ခုရယင် မြဲမြဲမှတ်ထားသည်။ နေ့စဉ် ရွတ်ဆိုသည်။ အကြိမ်များလျှင် စွမ်းအားကောင်းလာသည်။ စရဏ အားကောင်းလျှင် အစွမ်းထက်လာသည်။ မိမိကိုယ်တိုင်ကလည်း သီလလုံခြုံမှု ရှိဘို့ သတိထားစောင့်ရှောက်ရမည်။

သို့ဖြစ်ပါက လိုချင်သောအကျိုးပြီးစီးအောင်မြင်နိုင်ပါသည်။ နာဂစ်ဖြစ်နေချိန်တွင် စာရေးသူသည် ဆရာတော်ကြီး ဦးကဝိန္ဒက လေဆင်နှာမောင်းကို ရှင်ဥပဂုတ် ဂါထာဖြင့် ရွတ်ဆိုပြီး လက်ညှိုးဖြင့် ဖယ်ထုတ်သလို စာရေးသူလည်း နာဂစ်မုန်တိုင်းကို လက်ညှိုးဖြင့် ဖယ်ထုတ်နေသည်။ မုန်တိုင်းသည် အိမ်ရှေ့သွပ်ကို "မ" ကြည့်နေသည် သုံးကြိမ်လေးကြိမ်လောက် "မ"နေသည် ပင့်လှန်နေသည် မရပါ။ မရမှန်းသိတော့ ဖယ်ထုတ်သည့်ဘက်သို့ လေမုန်တိုင်းရွှေ့သွားပါပြီ။ အလွန်ဝမ်းမြောက်မိပါသည်။

ရှင်ဥပဂုတ္တမထေရ်အကြောင်းကို အကျဉ်းချုပ်မျှ ဖေါ်ပြပါမည်။ ဘုရားရှင်က ငါဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် နှစ်တစ်ရာလွန်သောအခါ မဓုရာပြည်၌ ဂုတ္တအမည်ရှိသော နံ့သာကုန်သည်၏သား ဥပဂုတ္တကို သာဏဝါသီမထေရ်က ရှင်ရဟန်းပြုပေလိမ့်မည်။ ဥပဂုတ္တသည် ငါဘုရား၏ သာသနာတော်ကို ထွန်းလင်းတောက်ပအောင် ဆောင်ရွက်လိမ့်မည်။

ဥပဂုတ္တ၏ဆောင်ရွက်မှုကြောင့် မြောက်များစွာသောလူတို့သည် ရှင်ရဟန်းပြုကြကုန်ပြီးလျှင် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြ

www.dhammaransi.com



လိမ့်မည်။ မာနတ်ကိုလည်း သွန်သင်ဆုံးမပေးလိမ့်မည်ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့သည်။

ရှင်ဥပဂုတ္တမထေရ်ဂါထာသည် အခြားမူကွဲများရှိနိုင်သည်။ စာရေးသူသိထားသော၊ ရထားသော ဂါထာကိုတင်ပြထားခြင်းဖြစ်ပါသည်။ နာဂစ်ဖြစ်ပြီးနောက် ရခိုင်ဘက်မှ ကျောင်းထိုင်ဆရာတော်တစ်ပါးနှင့် ဆုံမိသည်။ ဆရာတော်က ဘုန်းကြီးတို့ရွာ နာဂစ်ဖြစ်လို့ အကုန်လုံးနီးပါးလောက် ပျက်စီးကုန်တယ်။ လူတွေအတော်ဒုက္ခရောက်ကြသည်။

အရှင်ဘုရား တပည့်တော်လက်တွေ့ကြုံခဲ့တဲ့ ရှင်ဥပဂုတ္တမထေရ်ဂါထာရှိတယ်။ အရှင်ဘုရားကိုပေးလိုက်မယ်ဆိုပြီး ရေးပေးလိုက်သည်။

ဆရာတော်က ဟန်ကျပြီး တကာကြီး ကွန်ပျူတာစီပြီး တစ်ရွာလုံးရှိ လူတွေကို ကျက်နိုင်းမယ်။ အိမ်တိုင်းမှာလဲ ဒီစာရွက်ကို ကပ်ခိုင်းထားမယ်။ ဆရာတော်က လာအုန်းဟဲ့ ဒီနာဂစ်အမှုန့်ကိုကြိတ်ပစ်လိုက်မယ်ဆိုပြီး ပြန်ကြွသွားသည်။

အန္တရာယ်ကင်းဘို့ရန်အတွက် သီလလည်း လုံခြုံအောင်ထိန်းသိမ်းပါ။ ဂါထာကိုလည်း နေ့စဉ်ရွတ်ဆိုပါ။ လိုအပ်သောအကျိုးရပါမည်။

ရှင်ဥပဂုတ္တမထေရ်အကြောင်းကို အတွဲ (၁၃) အမှတ်(၁၁) ၁၃၇၀-ခုနှစ်၊ နယုန်-ဝါဆိုလ၊ ၂၀၀၈-ခုနှစ်၊ ဇူလိုင်လ သာထွန်းပြန့်မွေ့စာစောင်တွင် မျက်နှာဖုံးပုံရိပ်အဖြစ် ဖော်ပြပြီးဖြစ်ပါသည်။

အကျိုးလိုလားသော သူတို့သည် ရှင်ဥပဂုတ္တမထေရ်ဂါထာကို နေ့စဉ်ရွတ်ဆိုဆောင်ထားကြပါ။ အရေးကြုံလျှင် အန္တရာယ်မှ ကင်းဝေးတဲ့အကျိုးကို ခံစားရပါမည်။ တန်ဖိုးကြီးသော ဂါထာဖြစ်၍ အကျိုးရှိစွာ သုံးစွဲနိုင်ကြပါစေ။

ဂျုံးဂျုံးကျတောရကျောင်း ပထမဆရာတော်ကြီး၏ စိတ္တဂဏ္ဌိကျမ်းမှ စာဖတ်သူများ၏ ဗဟုသုတအလို့ငှါ အောက်ပါရှင်လေးပါးကို ကူးယူဖော်ပြပေးပါသည်-

ရှင်ဥပဂုတ်၊ တန်ခိုးချုပ်၊ သမုတ်တောင် မျက်နှာ။

ရှင်စောရသ၊ ပစ္ဆိမ၊ နေထနောက်မျက်နှာ။

ခေမာဝတ္တ၊ နေတုံထ၊ ဒေသမြောက် မျက်နှာ။

ဓမ္မသာရ၊ ထေရ်မြတ်လှ၊ နေထရှေ့ မျက်နှာ။


ရှင်လေးပါးလျှင်၊ ဤသည်ပင်၊ ဝမ်းတွင်စွဲမှတ်ပါ။

မိတေးရှင်ငယ်၊ ငံ့လင့်ရွယ်၊ အံ့ဘွယ်ခုတိုင်ကြာ။

စာဖတ်သူများ ရှင်ဥပဂုတ္တမထေရ်၏ ဂါထာကို နေ့စဉ်ရွတ်ဆိုပြီး ဘေးဥပါဒ်ရန် အန္တရာယ်ဟူသမျှတို့မှ ကင်းဝေးလွတ်မြောက်နိုင်ကြပါစေ။

**နိုင်ကြည်မြင့်**

**သာသနမာမကမှာစရိယ**




# မိဘစကားနားထောင်ပါ


ဒေါ်သန်းနွဲ့ (ပညာရေး)


အသက် ၇၀-တွင်း ရောက်ရှိလာသော ဒေါ်သီတာဘဝသည် အေးချမ်းလှပါသည်။ ပင်စင်ယူပြီးမှ ယနေ့ထိ အရုဏ်ဆွမ်းလောင်းခြင်း၊ ဆွမ်းခံကြွသော ဘုန်းတော်ကြီးများကို နေ့စဉ်ဆွမ်း၊ ဆွမ်းဟင်းများလောင်းနိုင်ပါသည်။ သာသနာရိပ်သာများတွင် ဘုန်းကြီးများကို နေ့ဆွမ်းဆက်ကပ်နိုင်ပါသည်၊ ပရဟိတများကိုလည်း အစားအသောက်၊ အဝတ်အစား၊ စာရေးခုံ ငွေများလှူဒါန်းနိုင်ပါသည်။ ပရဟိတကျောင်းတွင် စာသင်ပေးနိုင်ပါသည်။ စာရေးကိရိယာများလှူဒါန်းနိုင်ပါသည်။ ယဉ်ကျေးလိမ္မာသင်တန်းများတွင်လည်း သင်ကြားပေးနိုင်ပါသည်။ ဥပုသ်နေ့များတွင် ဘုန်းကြီးကျောင်း၊ ရိပ်သာများတွင် တရားနာခြင်း၊ တရားထိုင်ခြင်းကောင်းမှုကုသိုလ်များကို လုပ်နိုင်ပါသည်။ သီလရှင်များကိုလည်း တစ်ပတ်တစ်ခါဝတ္ထုငွေများလှူဒါန်းနိုင်ပါသည်။

ဒေါ်သီတာဘဝသည် လှူဒါန်းအေးချမ်းသော်လည်း ငယ်စဉ် မသီတာဘဝက မိဘစကားနားမထောင်ခဲ့မိသောကြောင့် ပူပြင်းခဲ့ပါသည်။ မသီတာသည် အသက် ၂၀-အရွယ်တွင် မိဘကငိုပြီးတားနေသည်ကြားမှ ကိုမြကို

www.dhammaransi.com



လက်ထပ်ခဲ့ပါသည်။ ကိုမြက ``မိဘနှင့်တန်းတူထားမယ်'' ``ဘယ်လောက်လုပ်ချင်ချင် သီတာမလုပ်နဲ့ဆိုရင် အသေခံပြီး မလုပ်ပါဘူး'' စသည်စသည် ဂတိစကားများယုံစားသောကြောင့် မိဘရင်ခွင်ထဲမှ ထွက်ခဲ့ပါသည်။ အိမ်ထောင်ကျပြီး ၃နှစ်ခန့်ရှိသောအခါတွင် မသီတာတွင် ၂-နှစ်သမီးလေးနှင့် သားကိုယ်ဝန်ရှိပါသည်။ ၁၉၇၂-ခု အိမ်ထောင်ကျသည်မှ ကလေးရသည်အထိ ကိုမြလုပ်စာမစားရပါ ``ကြွေးတွေပါလာတယ်''ဆိုပြီး မသီတာလစာတစ်ခုထဲနှင့် ရပ်တည်ခဲ့ရပါသည်။ ``ထမင်းလခပေးစားမယ်''ဆိုပြီး ကိုမြက သူ့တူ ၈-တန်းကျောင်းသားကို ခေါ်ထားပါသည်။ မသီတာက ထိုကလေးကို တာဝန်ယူရပါသည်။ ရွာပြန်သွားသည့်အထိ ထမင်းလခ လုံး၀ မပေးသွားပါ။ လခထုတ်တိုင်း ကိုမြနှင့်မသီတာ စကားများပါသည်။ ကိုမြကပြန်လည်းမပြော နားလည်းမထောင်ပါ။ ကိုမြရုံးတွင် ရာထူးတက်ပါသည်။ မသီတာ အလွန်ဝမ်းသာပါသည်။ ကိုမြက ရာထူးတက်သောလတွင် သူ့ရွာသူပြန်သွားပါသည်။ ရွာတွင် အလုပ်ပေါ်သည်ဟု ပြောပါသည်။ ကိုမြအကိုက လိုက်ခေါ်သောအခါ ``ဒေါသအလွန်ထွက်သည်''ကို ``ပြောလိုက်'' ဆိုပြီး ပြန်မလာပါ။

မသီတာ ကလေးမွေးရန် ရက်ပိုင်းအလို ကိုမြပြန်လာခေါ်ပါသည်။ သူတို့ရွာတွင် နှစ်ယောက်လုံးအလုပ်ရှိလျှင် ချမ်းသာမည်ဖြစ်ကြောင်း ကလေးတွေ အဖေမရှိလျှင် ဘ၀တစ်လျှောက်လုံးအားငယ်ရမည်ကို ထည့်တွက်ရန်လိုကြောင်း ပြောပါသည်။ မသီတာက ကလေးမွေးကာနီး အားငယ်သည်တစ်ကြောင်း ဖခင်မရှိသောအချိန်တွင် နေမကောင်းဖြစ်ပြီး ဖခင်ပြန်လာသောအခါ နေကောင်းပြီး ပြုံးရွှင်နေသော သမီးလေးမျက်နှာထောက်ပြီး၊ သူနှင့်လိုက်သွားလျှင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲမည်ကို သိပါသည်။ လိုက်သွားရန်ဆုံးဖြတ်ပါသည်။ သူ့နောက်မလိုက်ခင် ဖခင် မိခင်မှပေးလိုက်သော ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်များကို မိဘများကို ပြန်ကန်တော့ပါသည်။ အဝတ်စားနှစ်သေတ္တာသာယူခဲ့ပါသည်။ သမီးအတွက် စိတ်မပူပါနှင့် ကိုမြမိဘတွေက သမီးကိုချစ်ပါတယ်''ဟု ပြောပါသည်။ အဖေ အမေက မျက်ရည်ကျပြီး မသီတာကို ကြည့်နေပါသည်။ ကိုမြမိသားစုအလောင်းအစားလုပ်သော မိသားစုဖြစ်ပါသည်။ ကိုမြမိဘအိမ်တွင် အရက်ချက်ခြင်း၊ ဖဲရိုက်ခြင်း၊ ဝက်သတ်ခြင်း၊ ကြက်သတ်

www.dhammaransi.com



ခြင်း၊ နွားသတ်ခြင်းတို့ပြုလုပ်ပါသည်။ ထို အသိုင်းအဝိုင်းထဲ မသီတာရောက်သွားသည်မှာ ငရဲကျသည်နှင့်တူပါသည်။ သူတို့အိမ်မှာရှိသော ချွေးမက လယ်အလုပ်၊ အိမ်အလုပ် အလွန် လုပ်ရပါသည်။ သားကိုဘာမှမလုပ်ခိုင်းပါ။ လောင်းစား ပျော်ပါးနေပါသည်။ ဦးမြဖခင်က မသီတာကို တွေ့သောအခါ ''ဟဲ့သီတာ နင် ဝတ်ထားတဲ့ရွှေတွေချွတ်ပြီး ပြန်ပေးခဲ့တယ်ဆို'' ဒေါသတကြီး ရိုက်မောင်းပုတ်မောင်းကြိမ်း မောင်းပါသည်၊ ဦးမြမိခင်က ''ဟဲ့ သီတာ ညည်းအမေက လက်သန်းလောက်ဆွဲကြိုးကြီး ဆွဲထားတာ၊ ညည်းကို ငါ့သားယူရတာ ဘာမှ မပါလာဘူး၊ ရွာထဲက ခင်ရွှေယူရင် အနည်း ဆုံး ဆွဲကြိုးတစ်ကုံးရတယ်၊ ညည်းမိဘတွေ ချမ်းသာတာ ငါတို့သိတယ်''ဟု ပြောဆိုကြ ပါသည်။ မသီတာက မျက်ရည်နှင့်မျက်ခွက် နေရပါသည်။ မသီတာတို့ငယ်စဉ်တုန်းက မိဘ က ကိုယ်လုပ်ရမည့်တာဝန်ကို ကျေပွန်စွာ လုပ်ရပါသည်။ မသီတာသည် မိမိထမ်းဆောင် ရမည့်အလုပ်တာဝန်ဝတ္တရားများကို တာဝန်ကျေ ပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

မသီတာကလေးမွေးသောအခါ လက်သည် နှင့်နှစ်ယောက်တည်း မွေးရပါသည်။ တစ်နေ့ ကုန် ကိုမြမိဘ၊ ညီကိုမောင်နှမများသည် အိမ် လည်နေကြပါသည်။ ကလေးများက ''သရဲ ခြောက်တယ်၊ သရဲခြောက်တယ်''ပြောပြီး မျက်လုံးပြူးပြူး လျှာထုတ်ပြပါသည်။ မသီတာ စိတ်ဆင်းရဲပြီး ဝမ်းနည်းနေပါသည် စိတ်တော့ မလျှော့ပါ ''ငါသေသွားလျှင် ဒီကလေးနှစ် ယောက် ဒုက္ခရောက်မယ်၊ ဒီဘဝက ရုန်းထွက် မယ်၊ ငါဘာအားကိုးရမလဲ? လို့တွေ့ထင်မိပါ သည်။ မျက်စိမှိတ်လိုက်သောအခါ ဘုရားရှိခိုး နေသော မိဘနှစ်ပါးပုံပေါ်လာပါသည်။ ကလေးတစ်လရသောအခါ အလုပ်ဝင်ရပါ သည်။ ဘုရားစင်ကို မသီတာတို့ အခန်းတွင် ပုလင်းတွင်ရေထည့်၊ တောပန်းများထည့်ပြီး ဘုရားရှိခိုးပါသည်။ တိုင်တွင် ပန်းထည့်ထား သော ပုလင်းကို ကပ်ချည်ပြီး နေ့စဉ် မနက် ညဘုရားရှိခိုးပါသည်။ ထိုအိမ်တွင် လအနည်း ငယ်နေပြီးသောအခါ ချောင်းဘေး၌ တဲထိုး နေပါသည်။ တဲပေါ်တွင် ပုလင်းနှင့်ပန်းနှင့် နေ့စဉ် ဘုရားရှိခိုးပါသည်။ ကိုမြက ''ဘုန်း ကြီးကျောင်းမှာ အစားအသောက်ပေါတယ်၊ ပိုတာတွေ ခွေးတွေ ကျွေးတယ် သွားမလျှို့နဲ့'' ပြောပါသည်။ မသီတာက လစဉ်ဆွမ်းဟင်း များသွားပို့ပါသည်။ အသည်းအသန်နေမကောင်း

www.dhammaransi.com



ဖြစ်လျှင် ဘုန်းကြီးက ဆေးတိုက်ပါသည်။ တောမှာနေသော်လည်း မသီတာတို့ မစုမိပါ။ လခထုတ်သောအခါ ကိုမြက ၂-လခကို သူမိဘနေသော မိသားစုကြီးအတွက် ဝယ်ခြမ်းပြီးမှ ပိုသောငွေများပေးပါသည်။ ဝေတ်တစ်လှည့် ပြုတ်တစ်လှည့်စားသောက်ရပါသည်။ မသီတာက စိတ်ထဲမှာ "အနန္တော၊ အနန္တငါးပါးရှိခိုးပါသည်"ဟု ရွတ်ပွားနေပါသည်။ မိဘနှစ်ပါးကို စိတ်ထဲမှ တောင်းပန်ကန်တော့ပါသည်။ ကိုမြတားဆီးနေသည်ကြားမှ ထိုရွာမှ ပြောင်းခွင့်ရပါသည်။ တစ်ရွာလုံးက "မသီတာ လွတ်ပြီ ကျွတ်ပြီ" ဟု ဝမ်းသာကြပါသည်။ မသီတာတို့မိသားစုကို အနန္တော အနန္တငါးပါးကယ်လိုက်ပါသည်။

ice berg theory - A very big mass of ice floating in the sea, with most of the ice under the surface of the water- စကားပုံ၏ အဓိပ္ပါယ်မှာ မည်သည့်ကိစ္စမဆို သေးငယ်သည်ထင်ရပေမယ့် သူ၏နောက်ကွယ်တွင်ကြီးမားသော အကြောင်းတရားများ ရှိတတ်ပါသည်ဟု မသီတာက ဖွင့်ဆိုချင်ပါသည်။ မသီတာဘဝနှင့်ရင်းခဲ့ရသော အသိများကို အခြေခံပြီး ဆိုလိုပါသည်။ ဦးမြကို အလွန်ရိုးသားဂတိတည်သော လူတစ်ယောက်ဟု ထင်ခဲ့သော်လည်း၊ သူ့မိဘညီကိုမောင်နှစ်မအတွက် နည်းမျိုးစုံနှင့် ငွေရှာနေသူဖြစ်ကြောင်း နောက်မဆုတ်နိုင်သော အခြေအနေမှ မသီတာ သိခဲ့ရပါသည်။

မိဘမျက်ရည်ကျအောင် လုပ်ခဲ့သော သားသမီးကို ဘဝကပြန်ပြီးဆုံးမကြောင်း ယောက္ခမနှိပ်စက်မှ သိခဲ့ရပါသည်။

အခက်အခဲဖြစ်သောအချိန် ဒုက္ခအရောက်ဆုံးအချိန် အဆင်းရဲဆုံးအချိန်၊ အမှောင်ဆုံးအချိန်များတွင် အားကိုးရာမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများသာဖြစ်ပါသည်။

ဘုရားရှိခိုးခြင်း သံဃာတော်များအား လှူဒါန်းခြင်း၊ အနန္တာအနန္တငါးပါးအား မပြစ်မှားစေခြင်း၊ ရှိခိုးဦးခိုက်ခြင်းတို့သည် လူသားတို့၏ကောင်းကျိုးကိုဖြစ်စေခြင်းသည် မသီတာဘဝနှင့်ရင်း၍ သိခဲ့ရပါသည်။ မသီတာမှ ဒေါ်သီတာဖြစ်လာသောအခါ သားသမီးများသည် အရာရှိများဖြစ်လာ၍ ဒေါ်သီတာသည် ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်၊ မိဘ၊ ဆရာရိပ်တွင် အေးချမ်းနေပါသည်။

ဒေါ်သန်းနွဲ့(ပညာရေး)

www.dhammaransi.com

သာဝတ္ထိမြို့နေ ဓမ္မမိတ်ဆွေတစ်စုသည် စုပေါင်းတိုင်ပင်၍ မဏ္ဍပ်ကြီး ဆောက်လုပ်ကာ ဘုရားအမျိုးရှိသော သံဃာတော်များကို ဆွမ်းကျွေးရန် နှင့် လှူဖွယ်ဝတ္ထုများ လှူရန် စီမံဆောင်ရွက်နေကြသည်။



# မကောင်းမှုရှောင် ကောင်းမှုဆောင်ကြပါစို့

▸တက္ကသိုလ်သျှင်သီရိ < ဓမ္မာစရိယ ဘီအေ > ▸ ပန်းချီတင်ထွန်းထွန်း


ထိုအချိန်တွင် နှမြောတွန့်တို၍ စိတ်ညှဉ့်ရှိသော အမျိုးသားတစ်ယောက်သည် မဏ္ဍပ်အတွင်း၌ လှူဖွယ်ပစ္စည်းများကို မြင်လျှင် မကျေမနပ်ဖြင့် ကဲ့ရဲ့ပြစ်တင်စကားဆိုၡ၏။



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com




www.dhammaransi.com







သူငယ်အစောင့်အရှောက်ရလျှင် ဘုရားရှင်သည် ဇေတဝန်ကျောင်းသို့ ပြန်ကြွလေသည်။



ထိုသူငယ် အရွယ်ရောက်သောအခါ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးသားဖြစ်လာ
ပြီး ထိုဘဝမှ သေလွန်သော် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏သား ဖြစ်ရသည်။



နှုတ်ထွက်စကားကြမ်း တစ်ခွန်းကြောင့် ပြည့်တန်ဆာမဝမ်း၌ ဝင်စား၍ သုသာန်တွင်
စွန့်ပစ်ခံရသော ထိုသူငယ်သည် ကောင်းမှုကုသိုလ်ပြုခဲ့၍ ကုသိုလ်က အကျိုးပေး
သောအခါ ကောင်းကျိုးချမ်းသာတို့ကို ရရှိခံစားရပေသည်။
ထို့ကြောင့် မကောင်းမှု အကုသိုလ်အမှုကို ရှောင်ရှားကြ၍ ကောင်းမှုကုသိုလ်ကို
များစွာ ပြုလုပ်ကြရပေမည် ဖြစ်ပေသည်။ ။ (ပြီး)

▸ တက္ကသိုလ်သျှင်သိဂိရိ <ဓမ္မာစရိယ ဘီအေ>
▸ ပန်းချီ တင်ထွန်းထွန်း

www.dhammaransi.com

# ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ

## သည်းခံခြင်း ( ခန္တီ )

ဖူးပွင့်ဝေ

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါ တပည့်တို့"

ကဲတပည့်တို့ရေ ဆရာမပြီးခဲ့တဲ့ တစ်ပတ်က သည်းခံခြင်း(ခန္တီ)အကြောင်းကို ပြောပြီးပြီကွဲ့။ သည်တစ်ပတ်မှာတော့ သည်းခံခြင်း၏ ဆန့်ကျင်ဘက်အကြောင်းကို ပြောပြမယ်ကွဲ့၊ သည်းခံခြင်း၏ ဆန့်ကျင်ဘက်က အမျက်ထွက်ခြင်းဖြစ်တယ်ကွဲ့၊ သိကြရဲ့လားကွဲ့၊

"မသိပါဘူးဆရာမ"

အေးမသိရင်ဆရာမ ပြောပြမယ်ကွဲ့၊ သေသေချာချာ နားထောင်ကြနော်၊ သည်းခံခြင်း၏ ဆန့်ကျင်ဘက်သည် အမျက်ထွက်ခြင်းဖြစ်တယ်ကွဲ့၊ အမျက်ထွက်ခြင်း တရားကတော့ (၄)ပါး ရှိတယ်ကွဲ့။ အဲဒါတွေကတော့ကွယ်

(၁) ပင်ကိုယ်အားဖြင့် ဒေါသဓာတ်ခံရှိခြင်း၊

(၂) စိတ်သဘောထားသေးသိမ်ခြင်း၊

(၃) အကြားအမြင်နည်းပါးခြင်း

(၄) မနှစ်သက်သောအာရုံနှင့် တွေ့ကြုံရခြင်းတို့ဖြစ်တယ်ကွဲ့။

အဲဒါတွေအပြင် သည်းခံခြင်းမရှိသူ၌ အပြစ်(၅)မျိုးဖြစ်လာနိုင်တယ်ကွဲ့၊ အဲဒီ(၅)မျိုး ကတော့ကွယ်-

(၁) လူအများမုန်းတီးခြင်း၊

(၂) ရန်ဘက်များခြင်း၊

(၃) အပြစ်များခြင်း၊

(၄) တွေဝေစွာ သေရခြင်း၊

(၅) အပါယ်သို့လားရောက်ရခြင်း၊

တို့ဖြစ်တယ်ကွဲ့။

အမျက်ထွက်ခြင်းသည် သတ္တဝါတို့၏ သန္တာန်၌ ဒေါသစိတ်ဖြစ်ပေါ်လာရခြင်းဖြစ်တယ်ကွဲ့၊ ဒေါသ(အမျက်)နှင့်ပတ်သက်၍ ပညာရှိသူတို့က ဒေါသအမျက်ခြောင်းခြောင်းထွက်သူသည် သူရူးကဲ့သို့ မိမိကိုယ်ကိုထိန်းသိမ်းမရဖြစ်တတ်တယ်ကွဲ့၊ ရွှေစင်ရုပ်ကဲ့သို့ လှပသူ

www.dhammaransi.com



ဖြစ်စေကာမှု အဆင်းပျက်ယွင်း၍ တစ္ဆေ၊ မြေဘုတ်ကဲ့သို့ အကျည်းတန်တယ်ကွဲ့၊ အမူအရာ ကြမ်းတမ်းပြီး ဆန့်ကျင်ဘက်တွေလည်း ပြုလုပ်တတ်တယ်ကွဲ့၊ စကားကိုလည်း ကောင်းမွန်ပြည့်စုံအောင် မပြောနိုင်တော့ဘူးကွဲ့။

ဒေါသကြောင့် အကျိုးအကြောင်း၊ အဆိုးအကောင်းဟု ဝေဖန်ဆင်ခြင်တတ်သော အသိဉာဏ်လည်း ကွယ်ပျောက်သွားတယ်ကွဲ့၊ ရာထူးဂုဏ်သိန်စည်းစိမ်ဥစ္စာတို့သည်လည်း တခဏချင်းပျက်စီးဆုံးရှုံးနိုင်တယ်ကွဲ့၊ ထို့ထက် အလွန်မိမိကိုယ်ကိုသေကြောင်းကြံစည်သည်အထိ ပြုလုပ်နိုင်တယ်ကွဲ့၊ ဒါကြောင့်ဒေါသကို အဆိပ်ပမာ ဆင်းရဲများစွာအကြောင်းရင်းဖြစ်သော တရားလို့ဆိုကြတယ်ကွဲ့။

သည်းခံမှုကို စွဲမြဲစွာကျင့်သုံးနိုင်ရေးအတွက် အမျက်၏အပြစ်သည်းခံခြင်း၏အကျိုးကို အဖန်ဖန်ဆင်ခြင်ရမယ်ကွဲ့၊ တရားဘာဝနာကိုလည်း ပွားများရမယ်ကွဲ့။

မြတ်ဗုဒ္ဓက ဓမ္မပဒတွင် ရန်တုံ့မူသဖြင့် ရန်တို့သည် ငြိမ်းအေးမည်မဟုတ်၊ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းအေးကုန်၏ဟု ဟောကြားခဲ့တယ်ကွဲ့။

လောက၌ သတ္တဝါမှန်သမျှ သင့်လျော်ရာဝန်ကိုထမ်းဆောင်ရမြဲဖြစ်တယ်ကွဲ့၊ ဝန်ကို နိုင်နင်းစွာ ထမ်းဆောင်နိုင်ရန် သက်လုံကောင်းရန် လိုတယ်ကွဲ့၊ လူသားတို့သည် ခန္တီ၊ မေတ္တာ၊ ဒါန၊ သီလ၊ ဘာဝနာစသော ဝန်များကိုထမ်းဆောင်ရာ၌ သက်လုံကောင်းရန် လိုတယ်ကွဲ့၊ ခန္တီဝန်ကိုထမ်းဆောင်သူသည် မေတ္တာသက်လုံကောင်းရတယ်ကွဲ့၊ မေတ္တာသက်လုံပျက်ပါက ခန္တီဝန်ကို မနိုင်ဘဲ ဒေါသအမြှုပ်ထွက်လာတယ်ကွဲ့။

အဲဒါကြောင့် မောင်းထောင်ဆရာတော်ကြီးက မေတ္တာသက်လုံပျက်သူသည် ဒေါသအမျက်ထွက်လွယ်သည်။ ခန္တီဝန်ကို မနိုင်ဟု မိန့်ကြားခဲ့တယ်ကွဲ့။

သည်းခံခြင်းသည် ကုသိုလ်တရားဖြစ်ပြီး သူတော်ကောင်းတို့၏ ကျင့်စဉ်ဖြစ်တယ်ကွဲ့။ လောကငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အခြေခံအုတ်မြစ်လည်း ဖြစ်တယ်ကွဲ့။

အမျက်ထွက်သူသည် ဆရာသမား၊ မိဘဘိုးဘွားကျေးဇူးရှင်များနှင့် အရိယာတို့၏ ဂုဏ်ကျေးဇူးကို မသိမြင်နိုင်၊ ထို့ထက်လွန်ကဲ၍ ပြစ်မှားကျူးလွန်မှုကို ပြုတတ်သေးတယ်ကွဲ့၊ ဉာဏ်ပညာကြီးမားသူပင်ဖြစ်စေဦး အမျက်ထွက်သောအခါ မသင့်လျော်သောအမှုကို ပြုတတ်ကြတယ်ကွဲ့၊ အဲဒါကြောင့် အမျက်ဒေါသထွက်ခြင်းသည် မကောင်းကျိုးများကိုသာပေးတဲ့အတွက် သည်းခံခြင်းတရားတွေ မွေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကဲ သည် တစ် ပတ် တော့ ဒီ လောက် နဲ့ အတန်းနားကြစို့။

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါ တပည့်တို့"

ဖူးပွင့်ဝေ

www.dhammaransi.com



# ချမ်းမြေ့ပြည့်စုံသောဘဝ

# Perfect Way of Living

ဦးအောင်သိန်းညွန့်
U Aung Thein Nyunt

## မေထုန်ရှောင်ကျဉ်သော ဗြဟ္မစရိယ အကျင့်မြတ်

## Sublime Practice of Celibacy

သမထဘာဝနာနှင့် ဝိပဿနာဘာဝနာ အလုပ်တို့ကို စီးဖြန်းအားထုတ်ရာတွင် "တပ အကျင့်မြတ်"သည် နိဗ္ဗာန်၏ တံခါးဝဖြစ်၍ "မေထုန်ကို ရှောင်ကျဉ်ခြင်း ဗြဟ္မစရိယ အကျင့်မြတ်"သည် နိဗ္ဗာန်သို့ ဦးတည်ရာ လမ်းကြောင်းပေါ်၌ ဝင်ရောက်ရပ်တည်ခြင်း ဖြစ်သည်၊ အာရုံကို ကန့်သတ်ခံစားတတ်သော စွမ်းရည်ပြည့်ဝလာပြီဆိုလျှင် "မေထုန ဝိရတီ ဗြဟ္မစရိယ"ကို ဆောက်တည်ရန် မခက်ခဲ တော့ပေ။

In the meditational tasks of "Samatha-Calmness" and "Vipassanā -Insight knowledge" the practice of "Tapa" is the gate of Nibbāna and "Sublime Practice of Celibacy- Brahmacariya" is entering the path leading to Nibbāna. It is not difficult to observe Celibacy-Methunavirati Brahmacariya" if one is full of capability in self-command.

အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံတို့ထက် မေထုန်ငယ်နှင့် မေထုန်ကြီးဟု အမည်တပ်သော အထိအတွေ့အာရုံ၏ စွမ်းအားကား ပိုမိုကြီးမားလှ၏။

The sensation of touch --minor and major in two different kinds --is greater in power than the other sensations in terms of form, sound, smell and taste.

အထိအတွေ့အာရုံကို ခံစားခွင့်ရရှိရန်အတွက် အကုသိုလ်မျိုးစုံကို လွန်ကျူးရန် ခြေလက်

www.dhammaransi.com



မနေးတတ်၊ အထိအတွေ့အာရုံသည် သတိကို ဝေဝါးစေလျက် ဆင်ခြင်နိုင်းဆမှုကို လွယ်ကူစွာ ဝါးမျိုးပစ်နိုင်စွမ်းရှိ၏၊ သမာဓိတို့သည်လည်း ခေါင်းမဖော်နိုင်တော့။

It is not hesitant to commit different sorts of evil for enjoying the sensation of touch which can reduce the power of mindfulness and devour reasoning; when sensation of touch arises there is no concentration nor wisdom.

ထို့ကြောင့် ဘုရားရှင်က တပည့်ရဟန်းတော်များအား ဆန့်ကျင်ဘက်အာရုံဖြစ်သည့် မာတုဂါမတို့နှင့် ကင်းကင်းဝေးဝေးနေနိုင်ရန် ဝိနည်းစည်းကမ်းဖြင့် ပညတ်တော်မူခဲ့၏။

Therefore, the Buddha prescribed Vinaya Disciplinary Rules for his disciple monks to stay away from female devotess-the sense-object which is directly contrary to the moral practice of monks.

ယင်းဝိနည်းစည်းကမ်းအပေါ်တွင် ယုံကြည်မှုအင်အား နည်းပါးသောကြောင့်ဖြစ်စေ၊ ကိုယ်တိုင်က ဝိသဘာဂအာ့ုံပေါ်၌ တိမ်းညွတ်မိသောကြောင့်ဖြစ်စေ ရှာမှရှားသော ''အာဂလူသားများစွာ'' ရေတိမ်နစ်ခဲ့ကြရဘူးပြီ။

Many rare persons of virtue have disappeared since they are doubtful of these Vinaya Disciplinary Rules or they themselves are inclined towards the sensation of touch.

အမှန်စင်စစ် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်တို့၌ အထွဋ်အထိပ်ပိုင်းဖြစ်သော 'တပမင်္ဂလာ' နှင့် 'ဗြဟ္မစရိယမင်္ဂလာ'တို့သည် သံသရာအစီးအပွားဖြစ်သော လောကီကြီးပွားချမ်းသာမှုနယ်မြေကို တဖြည်းဖြည်းစွန့်ခွါလျက် လောကုတ္တရာ အေးငြိမ်း ချမ်းသာမှုနယ်မြေသို့ ကြိုးစားတိုးဝင်ဆဲကာလဖြစ်သည်။

As amatter of fact,'Practice of Self-control' and 'Sumbline practice of Celibacy', the top levels of Theirty-eight Blessings,gradually depart from the domain of worldly wealth and property and try to enter the way to the realm of supramundame bliss and happiness.

အဆန်လမ်းကို အံခဲလျက် ပင်ပန်းစွာ လျှောက်ရသည့် ခရီးခဲဟုဆိုပါက မမှားနိုင်၊ ပါရမီဓါတ်ခံအင်အား နည်းပါး၍ အားထုတ်မှု လျှော့လျဲသော ယောဂီများအဖို့ ဤနေရာကပင် တပ်ခေါက်၍ နောက်ကြောင်းပြန်ကြရသည်က များပါ၏။

It is like a weary journey walking along through the desert with great strenuous effort; most

www.dhammaransi.com



of those who are in need of perfection-parāmī with idleness turn round from here and take the previous way.

သဒ္ဓါစေတနာ၊ သတိ၊ ဉာဏ်၊ ဝီရိယ အင်အားတို့ အချိုးအစားမျှတစွာ အရှိန်အဟုန်ဖြင့် ခရီးနှင်မှသာလျှင် ဤခရီးခဲကို အောင်မြင်ကျော် လွှားနိုင်ကြပါသည်။

Going on such a difficult journey may be successful only when it is made in the balance of endeavour, mindfulness, resolusion based on self-confidence.

သန္တိသုခ အမတနိဗ္ဗာနဓါတ်အကြောင်းကို လေ့လာမှတ်သားမိသမျှ ဗဟုသုတအခြေခံ၊ လက်တွေ့အလုပ်မပါသော အနုမာနမှန်းဆ ဉာဏ်ဖြင့် ဝေဖန်ဆွေးနွေးအရသာခံယူရင်း အချိန်မကုန်လွန်ကြစေရာ။

Time should not pass in vain debating on the blissful element of Nibbāna with mere knowledge and on impracticable and impractical speculations.

**ဦးအောင်သိန်းညွန့်**
**U Aung Thein Nyunt**

**စာမျက်နှာ(၃၇)မှအဆက်**

ဗုဒ္ဓဘာသာအခြားဘာသာခွဲခြားဆက်ဆံခြင်း မပြု နွေးထွေးပျူငှာစွာဆက်ဆံပြီးကျောင်းထား ပေးခဲ့သည်။

မိုင်းယုမြို့တွင် တစ်ညအိပ်ပြီးနောက်ရက် တွင် မိုင်းယောင်းသို့ပြန်ခဲ့၏။ မိုင်းယောင်းသို့ ရောက်ပြီးသော် ကော်ဆမ်မိန်းရွာသာသနာပြု ဌာနကျောင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးချင် သည့် ဆန္ဒဓိပတိထားလျက်ရှိ၏။ ကျောင်းဆောင် တစ်ဆောင်ဖြစ်မြောက်ရန်တစ်လုံးတစ်ခဲတည်း လှူဒါန်းမည့်သူမရှိနိုင်ပါ။

မြန်မာပြည်အရှေ့ဖျား နယ်စပ်မြို့ဖြစ်ပြီး ဒေသခံလီရှမ်းများသာ နေထိုင်သည့်အတွက် ဗုဒ္ဓဘာသာဝင်များဖြစ်သော်လည်း အလှူခံ၍ မရပါ။ သာသနာပြုဌာနဖွင့်လှစ်နိုင်ရေး ပထမ ဦးစွာ မြေနေရာရရှိရန်လိုအပ်၏။ မြေနေရာ ရရှိပြီးပါက ယင်းမြေနေရာအား သာသနာ့မြေ ဖြစ်ရေးဦးစွာ ဆောင်ရွက်ရမည်ဖြစ်ရာ မည်သို့ ဆောင်ရွက်ရမည်ကို တွေးတောကြံစည်လျက် ရှိ၏။

ဆက်လက်ဖော်ပြပါမည်။

**သန်းရွှေပိုင်(တမူး)**

www.dhammaransi.com



# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လမင်း

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို)ကြီးကြပ်ရေးအဖွဲ့ (၂၂)ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း။



ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ (၂၂)ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ဝင်းအတွင်းရှိ သမဝါယမတန်ဆောင်းအစည်းအဝေးခန်းမ၌ ဇူလိုင်လ(၂၀)ရက် မွန်းလွဲ ၂း၀၀နာရီတွင် ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ကုသလအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အတွင်းရေးမှူးဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်း၊ သာသနာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပါသည်။

www.dhammaransi.com



အစည်းအဝေးတွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုသလ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်ဩဝါဒကထာမြွက်ကြားတော်မူပါသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လျှောက်ထားရာတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မြန်မာနိုင်ငံ၏ သမိုင်းစဉ်အဆက်ဆက် အစဉ်အလာကောင်းများဖြင့် ကောင်းစွာရပ်တည်နိုင်ခဲ့ပါကြောင်း၊ ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း စာမတတ်သူပပျောက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟူသော နိုင်ငံတော်၏ရည်မှန်းချက်များကို တဖက်တစ်လမ်းမှ ဆက်လက်အထောက်အကူပြုပေးပါရန်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး သင်ကြားမှုပိုင်း အဆင့်မြင့်မားရေးတို့အတွက် ဆရာဒကာ လက်တွဲညီညာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားခဲ့ပါသည်။

ဆက်လက်၍ (ဗဟို)ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်က (၂၁)ကြိမ်မြောက် အစည်းအဝေးမှတ်တမ်းပါဆုံးဖြတ်ချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို လျှောက်ထားခဲ့ပါသည်။

တက်ရောက်လာကြသော တိုင်းဒေသကြီး/ပြည်နယ်ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် အတွင်းရေးမှူးဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင့်မြင့်တင်ရေးသင်ကြားရေးပိုင်းဆိုင်ရာများ တိုးတက်ရေးတို့အတွက် အကြံပြုရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အထွေထွေဆွေးနွေးခြင်းအပိုင်းတွင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ တိုးတက်ပြုပြင်ပြောင်းလဲမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု၊ (ဗဟို)ကြီးကြပ်ရေးအဖွဲ့ဝင် ဘဒ္ဒန္တစိန္တိတာလင်္ကာရ(မော်ကျွန်းဆရာတော်)က နိဂုံးချုပ် ဩဝါဒကထာမြွက်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

www.dhammaransi.com



## သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန e-library ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း။



သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် ဓမ္မပါလ အသင်း၏ ကူညီလှူဒါန်းမှုဖြင့် e-library ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ(၂၁)ရက် နံနက် ၈:၀၀ နာရီက ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေရှိ ပြည်ပသာသနာပြု ဌာနခွဲ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီး များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်၊ သင်ကြားစီမံဆရာတော်များ၊ ရန်ကုန်မြို့ရှိ စာသင်တိုက်ကြီးများမှ ပဓာန နာယကဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မဟာဓမ္မပါလအသင်းမှ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြပါသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်၊ မဟာဓမ္မပါလ အသင်းဥက္ကဋ္ဌဦးမြင့်ဦး၊ ဒု-ဥက္ကဋ္ဌဦးပြုံးမောင်မောင်တို့ e-library အခမ်းအနားကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ ဩဝါဒကထာ နာကြားကြပါသည်။

www.dhammaransi.com



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြတ်စွာဘုရားရှင်၏ မူရင်းဒေသနာပါဠိတော်များကို ပဌမသင်္ဂါယနာ၊ ဆဋ္ဌသင်္ဂါယနာတို့ကို အနက်အားဖြင့် ဖြစ်စေ၊ သဒ္ဒါအားဖြင့်ဖြစ်စေ ပိုအလိုမရှိ နှစ်ကြိမ်တိုင်တိုင်စီစစ်တည်းဖြတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်သည့်နိုင်ငံဖြစ်သည့်အားလျော်စွာ မြတ်ဗုဒ္ဓ၏အဆုံးအမ ဒေသနာတော်တို့ကို မှတ်တမ်းအဖြစ် အရှည်ခန့်တည်တံ့စေရန် မွန်မြတ်သောရည်ရွယ်ချက်ဖြင့် မဟာဓမ္မပါလအသင်းနှင့် သာသနာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး Website တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် ထိရောက်သော အကျိုးတရားများ ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်မိကြောင်း-

အလှူဒါနအားလုံးကို့တွင် တရားတည်းဟူသောအလှူက အလွန်မွန်မြတ်လှသော ဓမ္မဒါနကုသိုလ်ထူးကြီး ဖြစ်ပါကြောင်း ပရိယတ္တိလေ့လာမှုမှသည် ပဋိပတ္တိကျင့်စဉ်သို့၊ ပဋိပတ္တိကျင့်စဉ်မှသည် ပဋိဝေဓအသိသို့ ဆိုက်ရောက်ပြီး နိဗ္ဗာန်ချမ်းသာကို မွန်မြတ်သော ပဋ္ဌာနာအာသီသဖြင့် လျင်မြန်စွာရောက်ရှိပါစေကြောင်း တင်ပြလျှောက်ထားခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်၊မန္တလေး)စာကြည့်တိုက်များရှိ တန်ဖိုးမဖြတ်နိုင်သော မြန်မာ-အင်္ဂလိပ်စာအုပ်များကိုလည်း e-book အဖြစ် ပြုစုသွားမည်ဖြစ်ကာ နိုင်ငံအတွင်းထင်ရှား ကျော်ကြားသော တရားဟောဓမ္မကထိကဆရာတော်ကြီးများ၏ ရုပ်သံဖိုင်တရားတော်များကို လည်း ယခု Website မှ ထုတ်လုပ်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ မဟာဓမ္မပါလအသင်းဥက္ကဋ္ဌဦးမြင့်ဦးက e-library ဖြစ်မြောက်ရေး အတွက် လှူဒါန်းမှုအစုစုနှင့် လုပ်ငန်းဆောင်ရွက်ပုံများကို လျှောက်ထားခဲ့ပါသည်။

ယင်းနောက် ရွှေသုဝဏ်ဆရာတော်ကြီးလှူဒါန်းသော ဆဋ္ဌသင်္ဂါယနမူအတိုင်း ကွန်ပျူတာရိုက်နှိပ်လျက်ရှိသည့် ပိဋကတ်သုံးပုံစာအုပ် ၄၀ အနက် ပထမဦးဆုံး ပြီးစီးသည့် စာအုပ်များကို ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက ဆရာတော်များထံ လက်ရောက်ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

ထို့နောက် ဓမ္မပါလအသင်းဥက္ကဋ္ဌဦးမြင့်ဦးနှင့်ဦးပြုံးမောင်မောင်တို့က ဆရာတော် သံဃာတော်များအတွက် လှူဒါန်းသော ဗုဒ္ဓစာပေဖိုင်များထည့်သွင်းထားသည့် e-tablet အလုံး ၂၀၀ကို ဆရာတော်များထံ လက်ရောက်ဆက်ကပ်လှူဒါန်းပါသည်။

ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗုဒ္ဓစာပေများနှင့် တရားတော်အသံဖိုင်များကို www. KBRL.gov.mnr website တွင် ဇူလိုင်(၂၁)ရက်မှစတင်၍ ဖတ်ရှုလေ့လာနာယူ နိုင်ပြီဖြစ်ကြောင်းနှင့် ကမ္ဘာအေးသုတေသနစာကြည့်တိုက်တွင်လည်း e-library ၌ ကွန်ပျူတာ အလုံး ၂၀-တပ်ဆင်ထားပြီး လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိပါသည်။

www.dhammaransi.com

